မောင်ချစ်ညို (ပဲခူး) စီစဉ်သည်။

# ဝိဝိထင်လင်း

## နွေနေ့လယ်ရဲ့ဝရန်တာရှုခင်း

နှင့်

ရ သ စုံ ဝ တ္ထု တို များ



Design: Chit Sann (528)

# အမှာစာ

ကျွန်တော်၏ စာပေဖြတ်သန်းမှု နှစ် (၄ဂ) ခရီးအတွင်း....

နက်ရှိုင်းခိုင်ကျည်သော စာပေယုံကြည်ချက်နှင့်အတူ အတွေးထက်မြက်၍ အရေးအသား `ညက်' သော အမျိုးသမီး စာရေးဆရာ အချို့ကို သတိပြုမိသည်။ အများစုမှာ မဂ္ဂဇင်းစာမျက်နှာများကို ဖြတ်သန်းကာ လုံးချင်း ဝတ္ထုရှည်များပင် ရေးသားခဲ့ကြသူများ ဖြစ်သည်။

ဆိုပါစို့... ဆရာမ ဂျူး၊ ဆရာမ မြနှောင်းညို၊ ဆရာမ ကြူကြူသင်း၊ ဆရာမ မစန္ဒာ၊ ဆရာမ မိုးမိုး (အင်းလျား)၊ ဆရာမ စမ်းစမ်းနွဲ့ (သာယာဝတီ)၊ ဆရာမ နုနုရည် (အင်းဝ)၊ ဆရာမ မိချမ်းဝေ၊ ဆရာမ သန်းမြင့်အောင်၊ ဆရာမ မြို့သာမရာထို၊ ဆရာမ ယဉ်ယဉ်နု (မန္တလေး)၊ ဆရာမ မေမောင် အပါအဝင် လက်ချိုးရေတွက်၍ ရသောစာရေးဆရာမများ ဖြစ်သည်။

သည်ဆရာမများ၏ သရုပ်မှန်ဘဝ သရုပ်ဖော်ဝတ္ထုတိုများကို စွဲလမ်းခဲ့ဖူးသော ကျွန်တော်၏ စာပေဝိညာဉ်လိပ်ပြာသည် ယခု ဆရာမ ဝါဝါထင်လင်း၏ ။ ဝတ္ထုတိုများပေါ်တွင်လည်း ကပ်ငြိခိုနားမိပြန်ချေပြီ။

ရသစာပေ ရေးသားကြသူတိုင်းသည် မိမိ၏ ဘဝအတွေ့အကြုံကိုဖြစ်စေ၊ မိမိပတ်ဝန်းကျင်မှ တစ်စုံတစ်ဦး၏ ဘဝကို အငှားခံစား၍ ဖြစ်စေ၊ စိတ်ကူးယဉ်ဇာတ်လမ်း ဖန်တီး၍ ပင် ဖြစ်စေ၊ မိမိ၏ စာပေရေးသားမှု အတတ်ပညာဖြင့် ဝတ္ထုတိုများ ထုံမွမ်းရေးဖွဲ့ကြရမည်သာ ဖြစ်သည်။ အချို့ဝတ္ထုတိများကား ဘဝသရုပ်ဖော်ဟု ဆိုသော်လည်း သရုပ်ဖော်မှု အတတ်ပညာတွင် အားနည်းနေတတ်သည်။ အချို့ဝတ္ထုတိုများသည်

ဇာတ်ကောင်စရိုက် ပီပြင်ချင်သော်လည်း ဇာတ်ကောင်များအကြား၌ စာရေးဆရာကိုယ်တိုင် ဝင်ရောက်စွက်ဖက်ထားသဖြင့် ရသပျက်ယွင်းနေတတ်သည်။ စာဖတ်သူများအား မိမိပေးချင်သည့် `မက်ဆေ့ချ်' လည်း ပေါ်လွင်၊ ဇာတ်လမ်းဇာတ်အိမ်ကလည်း အခိုင်အမာ၊ ဇာတ်ကောင်စရိုက်လည်း ပီပြင်၊ ရေးဖွဲ့သည့် အနုပညာ အတတ်ပညာကလည်း ဇာတ်လမ်းဇာတ်ကောင်များနှင့် လိုက်လျောညီထွေ ရှိမည်ဆိုပါလျှင် အဆိုပါဝတ္ထုတိုသည် သရုပ်မှန်သော ဘဝသရုပ်ဖော်ဝတ္ထုကောင်းတစ်ပုဒ် ဖြစ်လာချေမည်။

သည်အပြင်၊ သည်အတွေး၊ သည်အရေးမျိုးဖြင့် ဝတ္ထုတိုများ အစဉ်တစိုက် ရေးသားခဲ့ကြသည့် မျက်မှောက်ခေတ် အမျိုးသမီး စာရေးဆရာများထဲတွင် ဆရာမ ဝါဝါထင်လင်းလည်း ပါဝင်နေကြောင်း သတိပြုမိသည်။

ဆရာမ၏ ဝတ္ထုတိုများကား အကြောင်းအရာ စုံလင်သလို ရသလည်း စုံလင်လှသည်။ ဝတ္ထုတိုတစ်ပုဒ်စီတွင် မြို့ပြလူနေမှုဘဝနှင့် ကျေးလက်လူနေမှု ဘဝများကို အိမ်ထောင်သည် ဘဝ၊ အိမ်ဖော်ဘဝ၊ ဒရိုင်ဘာဘဝ၊ ကျောင်းသားလူငယ်ဘဝ၊ ဒုက္ခိတဘဝ... စသည့် ဘဝရုပ်ပုံလွှာများကို ခံစားနိုင်သည်။ ကြေးရတတ်လူတန်းစား၏ ရွံ့ရှာဖွယ်စရိုက်နှင့် ညာဉ်များကို ခါးသီးဖွယ်ရှုမြင်ရသလို ဖြူစင်ရိုးသားသော အောက်ခြေလူတန်းစားတို့၏ နှလုံးသားအလှကိုလည်း ဂုဏ်ယူမြတ်နိုးဖွယ် ထိရှခံစားရသည်။

အဆိုပါ ဝတ္ထုတိုများတွင် ဆရာမ၏ ကိုယ်တိုင်ခံစားမှုများလည်း ပါဝင်နိုင်သလို၊ အငှားခံစားပြီး သရုပ်ဖော်ထားသော ဝတ္ထုများလည်း ပါဝင်နိုင်သည်။

ဆရာမ ဝါဝါထင်လင်း၏ ရသဝတ္ထုတိုများသည် အက်ဆေး (ရသာစာတမ်း) ဆန်ဆန် လက်စွမ်းပြ ခြယ်မှုန်းထားသော သူ၏ ခေါင်းစည်း ဝတ္ထုအမည်လို `နွေနေ့လယ်ခင်း၏ ဂရန်တာ' မှ ရှုမြင်ရသည့်ဘဝ၊

ဘ၀အတ္ထုပ္ပတ္တိတွေပင်လား။

အချို့ဝတ္ထုတိုများသည် ဝတ္ထုတိုအခင်းအကျင်းထက် လုံးချင်းဝတ္ထုရှည်တစ်ပုဒ်၏ အခင်းအကျင်းမျိုးနှင့် နီးနွှယ်နေသယောင်ရှိရာ တစ်ချိန်ချိန်တွင် သရုပ်ဖော်လုံးချင်းဝတ္ထုမျိုး ရေးသားနိုင်စွမ်း ရှိသူလည်း ဖြစ်လာနိုင်သည်။

ဆရာမ ဝါဝါထင်လင်းအနေဖြင့် လက်ရှိ ဝတ္ထုတိုရေးသား ဖန်တီးမှုအရှိန်ကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ရင်း ဘ၀သရုပ်ဖော် လုံးချင်းဝတ္ထုများကိုပါ တစ်ဆင့်တက်၍ ရေးသားနိုင်မည် ဆိုပါလျှင် ယနေ့ စာပေလောကသည် ကွယ်လွန်သူ ဆရာမ မိုးမိုး (အင်းလျား)ကဲ့သို့သော ဘ၀သရုပ်ဖော် ဝတ္ထုရေးလက်ရှိသူ စာရေးဆရာမတစ်ဦးကို မကြာမီ ကာလအတွင်း ပိုင်ဆိုင်ထွေးပွေ့ခွင့် ရရှိနိုင်လိမ့်မည်… ဟူ၍ နိမိတ်ဖတ်လိုက်ချင်သည်။

မော်ဝန်းကြည်မြတ်

5-8-2008

(အင်္ဂါနေ့)

စေတနာအတွေးနဲ့ ရေးတဲ့စာ

လွန်ခဲ့သည့် နှစ်ပေါင်း နှစ်ဆယ်ကျော် အစိတ်ခန့်ကပင် `ဝါဝါထင်လင်း´ ၏ ဝတ္ထုတိုကလေးများကို ဖတ်ရှုခဲ့မိသည်။ ထိုသို့ ဖတ်ရှုမိခြင်းမှာ သူ၏ ကလောင်အမည်ကို စိတ်ဝင်စားမိ၍ ဖြစ်သည်။ `ဝါဝါထင်လင်း´ ဟူသည်မှာ ကွယ်လွန်သူ စာရေးဆရာကြီး `ထင်လင်း´ ၏ သမီးများဖြစ်နေလေမလားဟု နောက်မှ မဟုတ်မှန်း သိရသည်။ ကလောင်အမည်ကို စိတ်ဝင်စားခဲ့ရာမှ သူ့ဝတ္ထုတိုကလေးများကို သိသိမှတ်မှတ် ဖတ်ရှုလာခဲ့မိလေသည်။ ရေးအားကောင်းသူ ဖြစ်သဖြင့် သူ့ဝတ္ထုတိုကလေးများကို လစဉ်ထုတ် မဂ္ဂဇင်းကြီးများနှင့် ဂျာနယ်များတွင် ခပ်စိတ်စိတ် တွေ့လာရသည်။ အမျိုးသမီး

ကလောင်တစ်လက်ဖြင့် အားကောင်းမောင်းသန် ပေါ်ထွန်းလာပြန်ပြီဟု ကျေနပ်နေမိသည်။

*****

`စာအုပ်ကောင်းတွင် အသက်ဝိညာဉ်ရှိ၏ ။ အကြင်စာအုပ်ထဲရှိ အကြောင်းအရာတို့သည် ထိုစာရေးဆရာ၏ တွေ့ကြုံကြားသိမှု၊ ခံစားမှုနှင့် ယုံကြည်ယူဆချက်များကို သူ၏ စာရေးခြင်း အတတ်ပညာဖြင့် အသက်သွင်းထားခြင်း ဖြစ်ပေရာ ယင်းစာအုပ်ကို ဖတ်သောအခါ ၎င်းစာရေးဆရာ ဖန်တီးထားသော ဝိညာဉ်များက ကိုယ်ထင်ပြခြင်း၊ စကားပြောခြင်းများ ပြုပေလိမ့်မည်။ ထို့ပြင် စာအုပ်ကောင်းတို့မည်သည် လူတစ်မျိုး၊ တိုင်းပြည်တစ်ပြည်၊ ဘာသာတစ်ရပ်၊ ဝါဒတစ်ခုအတွက်သာ မဟုတ်။ လူတိုင်းအဖို့ ဖြစ်သည်' ဟု စာရေးဆရာကြီး `သော်တာဆွေ' က မိန့်ဆိုခဲ့ဖူးသည်။

ယခုဝတ္ထုတိုပေါင်းချုပ်အဖြစ် ထုတ်ဝေလိုက်သော `ဝါဝါထင်လင်း' ၏ ဝတ္ထုတိုများထဲတွင်လည်း စကားပြောသော၊ ကိုယ်ထင်ပြသော ဝိညာဉ်ပေါင်းများစွာ ပါဝင်လျက်ရှိသည်ကို တွေ့မြင်ရပေသည်။ ထိုဝိညာဉ်များသည် နှစ်သက်စရာ၊ မုန်းတီးစရာ၊ စာနာစရာ၊ ခွင့်လွှတ်စရာ စသည့် လူ့အမူအရာ၊ လူ့မနော၊ လောကသဘောတို့ကို အချို့နေရာများ၌ ရိုးတိုးရိပ်တိတ်၊ အချို့နေရာများ၌ ကွက်ကွက်ကွင်းကွင်း ပြောဆိုကြ၊ ကိုယ်ထင်ပြကြသည်ကိုလည်း ကြားရ၊ မြင်ရပါလေသည်။

`ဝါဝါထင်လင်း' သည် သူ ဘဝတစ်လျှောက် ဖြတ်သန်းတွေ့ကြုံလာရသမျှကို ပြန်လည် စာဖွဲ့တင်ပြရာတွင် ပကတိ အရိုးသားဆုံးရေးဖွဲ့ရန် အားထုတ်တတ်သည်ကိုလည်း သတိပြုမိသည်။ သူ့စာများတွင် `ရိုးဂုဏ်' ရှိသည်ဟု ဆိုချင်သည်။ ထိုသို့ `ရိုးဂုဏ်' ရှိသည့် စာများထဲမှာပင် နက်နဲသော အတွေးကို ညွှန်ပေးလေ့ရှိကြောင်းကိုလည်း

သတိထားလာမိပြန်ပါသည်။

အမျိုးသား စာဆိုရှင် ဆရာကြီး `ဇော်ဂျီ' မိန့်ကြားခဲ့သည့် အကြောင်းအချက်တစ်ခုမှာ `ရသစာပေသည် စေတနာကို အကြောင်းခံပါသည်။ သနားထိုက်သည်ကို သနားအောင်၊ ချစ်ခင်ထိုက်သည်ကို ချစ်စရာဖြစ်လာအောင်၊ သတိတရား ရထိုက်သည်ကို သတိတရား ရစရာ ဖြစ်လာအောင် စာရေးသူက စာဖွဲ့ပြခြင်း ဖြစ်သည်။ ရသစာပေကောင်း၌ ထိုဂုဏ်သိက္ခာသတ္တိများ ရှိသည်' ဟူပါ၏ ။

`ဝါဝါထင်လင်း' ၏ ဝတ္ထုတိုကလေးများတွင် စေတနာအပြည့် ပါရှိသည်ကို ငြင်းပယ်စရာ အကြောင်းမရှိပါ။ ထို့ပြင် သူ့ဝိညာဉ်များ၌ သည့်ထက်မက ပြောစရာအကြောင်းတွေ အများကြီး ရှိလိမ့်ဦးမည်ဟု ထင်ပါသည်။ ထိုအကြောင်းအရာများကို စောင့်စားဖတ်ရှုရန် မျှော်လင့်နေမိသည်က အမှန်ပင် ဖြစ်ပါတော့၏ ။

`စေတနာ' ပါသော သူ့ဝတ္ထုတိုကလေးများသည် `ရသစာပေကောင်း' စာရင်းဝင် မဝင်ကိုမူ စာဖတ်သူက ဆုံးဖြတ်လိုက်ပါမည်။

ကြူကြူသင်း

ကျေးဇူးစကား

သမီးကြီးရဲ့ ဝတ္ထုတိုပေါင်းချုပ်စာအုပ်လေး မြင်ချင်ပါတယ်။ ထုတ်ဖြစ်အောင် ကြိုးစားပါဆိုတဲ့ ဖေဖေ့ကြောင့် ဒီစာအုပ်လေး ထုတ်ဖြစ်အောင် စီစဉ်ရတာ ပါ။ ဦးစွာ ဖေဖေ့ကို ကျေးဇူးတင်ပါတယ်။

ဒါပေမယ့် 16-9-2008 (အင်္ဂါ)နေ့ ညနေမှာ မမျှော်လင့်ပါဘဲ ဘဝတစ်ပါးကူးပြောင်း ကွယ်လွန်သွားရရှာတဲ့ ဖေဖေ။ စာအုပ်လေးကို မြင်မသွားရတာ သိပ်ကို ဝမ်းနည်းမိရပါတယ်။

သက်ရှိထင်ရှားရှိနေတဲ့ အနန္တကျေးဇူးရှင် မေမေနှင့် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ အားလုံးတို့ကို ဒီစာအုပ်လေးနှင့် ဂါဝရပြုပါတယ်။

စာအုပ်လေးဖြစ်မြောက်လာအောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါသော စာပေ မောင်နှမများ စေ့စေ့စပ်စပ် သေသေချာချာ အချိန်ပေး ဂရုထားဖတ်၍ အမှာစာရေးပေးပါသော ဆရာမကြီး ဒေါ်ကြူကြူသင်း (မမကြူ) နှင့် ဆရာမော်ဝန်းကြည်မြတ်၊ ဆရာဦးကောင်းမြတ် (ခရာတော) တို့အား အထူးကျေးဇူးတင်ပါတယ်။

အထူးသဖြင့် ဖေဖေမရှိတော့တဲ့ နောက်ပိုင်း စာအုပ်လေးထုတ်ဖို့ရာ စိတ်မပါတပါ ဖြစ်နေတဲ့အချိန် စာအုပ်လေး ဖြစ်တည်လာအောင် စီစဉ်ပြီး အစစ အပြည့်အဝ တာဝန်ယူ ဆောင်ရွက်ပေးပါသော မောင်ချစ်ညို (ပဲခူး) အား အထူး အထူးပင် ကျေးဇူးတင်ရှိပါကြောင်း....

အနန္တငါးပါး ဦးထိပ်ထားလျက်

ဝါဝါထင်လင်း

## စာဖတ်သူများသို့....

စာရေးသူရဲ့ `နွေနေ့လည်ရဲ့ ဂရန်တာရှုခင်းနှင့် ရသစုံဝတ္ထုတို' တွေထဲမှ အားလုံးမဟုတ်တောင်၊ စာဖတ်သူဖတ်မိလိုက်တဲ့ ဝတ္ထုတိုတစ်ပုဒ်အတွက် ကျေးဇူးတင်ပါတယ်ရှင်....။

စာရေးသူ အတောင့်တဆုံးက စာဖတ်သူ ဖတ်လိုက်မိတဲ့ ဝတ္ထုတိုလေးအပေါ် သုံးသပ်ဝေဖန်ချက်ကလေးပါ....

အဲဒီ ဝေဖန်ချက်ကလေးကို စောင့်မျှော်နေပါ့မယ်။ ရှားပါးတဲ့အချိန်တွေ ဖဲ့ယူပြီး စာရေးသူရဲ့ ဝတ္ထုတိုလေးများကို ဖတ်ပေးတဲ့ စာဖတ်သူနဲ့ မိသားစုတွေအားလုံး နှစ်သစ်နဲ့အတူ ပျော်ရွှင်ချမ်းမြေ့ပါစေလို့ ဆုမွန်ကောင်းတောင်း

ဆန္ဒပြုလိုက်ပါတယ်...။

စာဖတ်သူများကို အစဉ်ထာဝရလေးစားတဲ့

ဝါဝါထင်လင်း

အမှတ် ၉၀/A (ဖ လွှာ)၊ ၁၄ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

# နွေနှေ့လယ်ရဲ့ ဂရန်တာရှုခင်း


ငွေနေ့လယ်ရဲ့ ဝရန်တာရှုခင်း

သည့်ဂရန်တာလေးကနေ နံနက်ခင်း နေခြည်နု ရှုခင်း၊ ညနေခင်း နေခြည်အေး ရှုခင်းလေးတွေကို တစ်ရက်မပြတ်ဆိုသလို ကျွန်မ ခံစားမိနေတတ်ပါသည်။ ဝန်းကျင်၏ ပုံရိပ်လှုပ်ရှားမှုများကို အချိန်ကြာမြင့်စွာ ဂရုမထားမိသည် ထား၊ လတ်ဆတ် အေးမြသည့် လေကိုတော့ဖြင့် မျက်စိစုံမှိတ် အားပါးတရတဂကြီး ရှူကြီးမှ အခန်းထဲလှည့်ဝင်တတ်သည်မှာ နေ့စဉ်အကျင့်တစ်ခုလိုပင်။

နေ့လယ်ခင်းရှုခင်းလေးကရော ဘယ်လိုများ နေလိမ့်မလဲလို့။ ဂရန်တာလေးကမှ နေကို မော့ကြည့်လိုက်သည်။ အပြာရောင် မိုးကောင်းကင်မှာ တောက်ပကြည်လင် စူးရှနေသည်။ အချိန်ကလည်း လမ်းသွားလူတို့၏ ခေါင်းပေါ်တည့်တည့် နေအပူရှိန်ကဲနေသလို ကိုယ့်အရိပ်ကလည်း ခြေဖျားအောက် ဝင်နေသည့် အချိန်။ အနောက်မြောက် ကောင်းကင်ပြာကို နောက်ခံထားလို့ တိမ်ဖြူအစု သုံးလေးစု ငြိမ်သက်နေသည်ကို တွေ့နေရသည်။ ငြိမ်သက်နေသည့် တိမ်ဖြူပါးတစ်စုကို သေချာစိုက်ကြည့်မိသည်။ အို… ငြိမ်သက်နေတာမှ မဟုတ်တာ။ ဖြည်းဖြည်းလေး ရွေ့လျားသွားနေသည်ပဲ။ ကြည့်ပါလား၊ အုန်းပင်ထိပ်ဖျားနဲ့ ကပ်လျက်ရှိသည့် တိမ်ဖြူပါးစုက အုန်းခက်၊ အုန်းလက်တွေကြားကို တဖြည်းဖြည်း ဝင်သွားသည်။ စောစောက သူရှိနေသည့်နေရာမှာ အပြာရောင် ကောင်းကင်ချည်း ကျန်နေခဲ့ပြီ။ နောက်နားဆီက တိမ်ဖြူစုကလည်း တရွေ့ရွေ့နဲ့ လိုက်လာနေသည်။ အုန်းခက်၊ အုန်းလက်တွေကိုများ ကျော်မလားလို့ ကြည့်နေမိသည်။

ဟင့်အင်း… ကျော်မလာဘဲ တိမ်ဖြူစုတွေ လွင့်ပါးပျောက်ကွယ်သွားသည်။ နေရောင်ကို တိမ်ထုကွယ်လိုက်သည် ထင်သည်။ တိမ်ကင်းစင်နေသည့် အပြာရောင်မိုးကောင်းကင် အနည်းငယ် ပြာညို့သွားသည်။ ခဏလေး ရယ်ပါ။ သိပ်မကြာလိုက်။ ပြန်ပြီး ကြည်လင်တောက်ပ စူးရှလာပြန်သည်။ ဟိုးမှာ စွန်ဖြူတစ်ကောင် ပျံတက်လာပါလား။ တစ်ကောင်တည်းပဲ၊ ပြိုင်ဘက်မရှိဘူး၊ အမြီးနီလေးတွေ တန်းလန်းနဲ့ လွန့်လွန့်ကွေးကွေး

တလူလူတက်လို့။ အပြာရောင် စူးရှနေသည့် မိုးကောင်းကင်နောက်ခံနှင့် စွန်ဖြူလေးကို ကြည့်ရသည်မှာ မျက်စိထဲ စူးကျိန်းသလို ဖြစ်ပေမယ့် ကြည့်လို့ကောင်းနေသည်။ ဒီလို အချိန်ကြီးမှာ ဘာစိတ်ကူးနဲ့ ဒီစွန်ဖြူလေးကို လွှတ်တင်နေတာပါလိမ့်။ စွန့်ပိုင်ရှင် မျက်စိ မစူးလေရော့သလား။ မကျိန်းလေရော့သလား မသိ။ စွန်ဖြူပိုင်ရှင်လေး၏ လက်အချိန်အဆကို လိုက်လို့ စွန်ဖြူလေးမှာတော့ ကြိုးလျှော့ပြီး အောက် ထိုးကျသွားလိုက်၊ ကြိုးတင်းပြီး အပေါ်ထိုးတက်သွားလိုက်နှင့် ရှိနေသည်။

နေ့လယ်ခင်း၏ လေပူတစ်ချက် မျှင်မျှင်တိုက်လာသည်။ စိမ်းနုနု ပိတောက်ရွက်တွေ လေအဟုန့်မှာ ယိမ်းနွဲ့လှုပ်ခတ်လို့သွားသည်။ ပိတောက်ရွက်နုလေးတွေက စိမ်းညို့နေသည်။ အဖူးတံလေးတွေတော့ မတွေ့ရသေးပါ။ သည်ပိတောက်ပင်လေးက မနှစ်ကမှ စပွင့်သည့် အပင်လေး ဖြစ်သည်။ နောက်ကျမှလည်း ပွင့်ခဲ့သည်။ ဒီနှစ်လည်း သူ့အပွင့်တွေ နောက်ကျမှ ပွင့်မှာပါပဲ။ ကောင်းတာပေ့ါ။ သူများတွေ အပွင့်တုံးမှ သူ့အပင်က အပွင့်တွေ ဝေဆာလှနေမှာ။ ပိတောက်ကိုင်းတချို့ နေရောင်အောက်မှာ မီးခိုးရောင်သမ်းပြီး ပြောင်လက်နေသည်။ ရွက်နုစိမ်းညို့တို့ကြား ကြွေလုဆဲ ရွက်ရင့်ဝါတချို့ တွဲလွဲခိုနေသည်။ မနှစ်က လက်ကျန်ပိတောက်သီး ခေါ်မလား၊ ပိတောက်စေ့ ခေါ်မလား ဝိုင်းဝိုင်းညိုခြောက်လေးတွေ သုံးခုတွဲ၊ လေးခုတွဲတို့ကိုလည်း ပိတောက်ကိုင်းတို့ကြားမှာ တွေ့နေရသည်။ ပိတောက်ကိုင်းတို့၏ အဖျားစွန်းလေးတွေမှ ထွက်ပေါ်နေသည့် ပိတောက်ရွက်သေးသေးနုနု၊ စိမ်းညို့ညို့လေးတွေက ကြည့်ရင်းနှင့်ပင် လက်သည်းနှင့် ဆိတ်ကစားချင်စရာ။ ပိတောက်ပွင့်တွေ ပွင့်ရင်ဖြင့် သည်ဂရန်တာလေးကနေ လက်လှမ်းလို့ မမီတမီမှာ ရှိနေမည်။

တံချူနဲ့ လှမ်းချိုးယူလို့ကတော့ ပိတောက်ပွင့် လှလှဝါဝါလေးတွေ တံချူကြားမှာ အလွယ်တကူ အဆုပ်လိုက် ပါလာမှာ သေချာနေသည်။

ဂရန်တာလေးသည် အိမ်၏ မြောက်ဘက်မှာ ရှိနေသည်။ ဂရန်တာလေးနှင့် အနီးကပ်ဆုံး အပင်က သည်ပိတောက်ပင်လေးပင်။ ပိတောက်ပင်လေး အရှေ့ဘက်ကပ်လျက်မှာ မြောက်ဘက်သို့ မျက်နှာပြုထားသည့် ရှစ်ခန်းတွဲ အိမ်တန်းလျားလေးတစ်ခု ရှိနေသည်။ အိမ်တန်းလျားလေး၏ သည်ဘက်အစွန်းခန်းက အိမ်ရှင်တွေက သည်ပိတောက်ပင်လေးကို သူတို့ ပိုင်သည်တဲ့။ ပထမနေသွားသူက သူတို့ကို ပေးခဲ့သည် ထင်သည်။ ပထမ နေသွားသူ အိမ်ပိုင်ရှင်ယောက်ျား၏ ယောက္ခထီး အဘိုးကြီး ဘယ်ကနေ ယူလာသည် မသိသည့် ပိတောက်ကိုင်းကို ထိုးစိုက်ခဲ့တာ ကျွန်မ မြင်ဖူးခဲ့သည်။ လွန်ခဲ့သည့် ရှစ်နှစ်လောက်က ဖြစ်မည်။ ကျွန်မ ရပ်နေသည့် ဂရန်တာလေးက အမြင့်ပေ နှစ်ဆယ်နီးပါးလောက်တော့ ရှိမည်ထင်သည်။ ပိတောက်ပင်လေးက ဂရန်တာကို ကျော်သွားပြီ။ ပိတောက်ပင်လေး ပိုင်ရှင်၏ အိမ်နောက်ဘက် ဂရန်တာလေး၏ ဘေးဘက်မှာ ဒန့်သလွန်ပင်လေး တစ်ပင် ရှိသည်။ မနှစ်က အသီးတွေ အတော်သီးလိုက်သည်။ အဲသည် ဒန့်သလွန်ပင်လေးကိုလည်း ပထမအိမ်ရှင်တွေက စိုက်သွားသည်ပဲ ဖြစ်သည်။

ယခု ဒုတိယအိမ်ရှင်တွေ ပိုင်သည်ပေ့ါ။ အကိုင်းအခက် အသီးတွေက သူတို့အိမ်ခေါင်မိုးပေါ်မှ ကိုင်းကျ ပွတ်သီးနေလို့ ခေါင်မိုးပေး တက်ခူးရသည်။ သည်နှစ်တော့ အပင်လေးမှာ အကိုင်းအခက်တွေ ဖြတ်ခုတ်ထားလို့ အရွက်အညွန့် အတက်လေးတွေ ထွက်ခါစပဲ ရှိနေသည်။ ဒန့်သလွန်ပင်နှင့် ခုနှစ်ပေအကွာလောကမှာ အိမ်ပျော့ပိန္နဲပင် တစ်ပင် ရှိသည်။ သည်အပင်က ကျွန်မတို့ မရောက်ခင်ကတည်းက ရှိနှင့်နေသည်။ ဂရန်တာကို ကျော်လို့ အိမ်ခေါင်မိုးပင် ထိလုနေပြီ။ အရွက်အချို့ နေရောင်အောက်မှာ လက်နေသည်။ အကိုင်းညို၊ အရွက်စိမ်းတို့ကြားမှာ ပိန္နဲသီး သုံးလေးလုံး စုပြုံသီးနေတာကို တွေ့ရသည်။ ဂရန်တာလေးမှ စီးမိုးကြည့်လျှင် အိမ်တန်းလျားလေး ရှေ့မှ လှုပ်ရှားမှုအရာအားလုံးကို ပီပီပြင်ပြင် မြင်နိုင်လေသည်။ ယခုလို နေ့လယ်

ပူပြင်းချိန်မှာတော့ လှုပ်ရှားမှု သိပ်မရှိလှ။ သစ်ပင်တစ်ပင်နဲ့ တစ်ပင်ကြား ကြိုးတန်းတွေ သွယ်တန်းလို့ အဝတ်မျိုးစုံ လှန်းထားသည်ကို တွေ့မြင်နေရ၏ ။ ဟော... ကလေးတစ်ယောက် ဒီဘက်အစွန်းခန်းက စလျှင် ဒုတိယအခန်း၊ ဟိုဘက်အစွန်းခန်းက စလျှင် သတ္တမအခန်း၊ ခုနှစ်ခန်းမြောက်ကပေါ့။ လူကြီးဝတ် စွပ်ကျယ်အနီရောင် ဖားဖားကြီးနှင့် ဆယ်နှစ်အရွယ် ကလေးတစ်ယောက်၊ သံပန်းကန်ပြား အဖြူလေးကိုင်လို့ ထွက်လာသည်။ မကုန်တော့သည့် ဟင်းကျန်၊ ထမင်းကျန်ကို အုန်းပင်ခြေရင်းမှာ သွားပုံသည်။ မကြာလိုက်၊ ခွေးပိန်မည်းတစ်ကောင် လျှာတန်းလန်းနဲ့ ဘယ်ချောင်က ပြေးထွက်လာသည် မသိ။ စားလိုက် ဝါးလိုက်တာ ခဏလေး၊ ထမင်းဟင်းကျန်ကလည်း နည်းနည်းကိုး။ အနီးအနား ထမင်းဟင်း အစအန ကျန်နိုးနှင့် အနံ့ခံနေလိုက်သေးသည်။ ပြီးမှ ရှစ်ခန်းတွဲ အိမ်တန်းလျားက ချိုးရေ၊ သုံးရေ စီးဆင်းသည့် ရေမြောင်းထဲက ရေကပ်လေးကို သွားလို့ လျှာနှင့်လျက်နေသည်။

မနက်နဲ့ညမှာ ရေမြောင်းသေးသေးလေးရဲ့ သွင်ပြင်က ရေအဆင်း မပျက်ပေမယ့် ခုလိုအချိန်မှာတော့ ရေကျန်နည်းနည်းပါးပါးနဲ့ ခြောက်သွေ့စ ပြုနေပြီ။ ရေမြောင်းရယ်လို့ တူးထားတာ မဟုတ်ဘဲ အလိုအလျောက် ပေါ်လာတဲ့ ရေမြောင်းလေးမို့ အနက်ရှိသည်ပင် မထင်ရ။ ရေက အပေါ်ယံ ရှပ်ပြေးပြီး အမှိုက်စအချို့ ပိတ်ဆို့သွားရင်ပဲ ရေတွေက ဘေးကို ပြန့်လို့ လျှံသွားသည်။ အဲဒီ အခါ သည်ဘက်အစွန်အိမ်က မိသားစုတစ်ယောက်ယောက် ထွက်လာပြီး တုတ်ချောင်းလေးတစ်ချောင်းနှင့် အမှိုက်စတွေကို ခြစ်ထုတ် ကော်ထုတ်လုပ်ခါ မြောင်းလေးကို ပြန်ဖော်တတ်သည်။ သည်ဘက်အစွန် အိမ်ခန်း၏ မိသားစုက ပိတောက်ပင်ခြေရင်းနှင့် ဆယ်ပေအကွာလောက်မှာ ဝါးကပ်သုံးလေးချပ်ကို အကာအရံလုပ်လို့ ရေချိုး၊ အဝတ်လျှော် လုပ်တတ်သည်။ ပိတောက်ပင်လေး၏ အနောက်ဘက်တည့်တည့် ၁၅-ပေ၊ ပေ -၂၀ အကွာ်လောက်မှာ တရုတ်စကားပင်လေး တစ်ပင် ရှိနေသည်။ သေချာကြည့်၊ အရွက်တစ်ရွက်မှ မရှိ။

ရိုးတံထိပ်မှာတော့ ငုတ်စီလေးတွေ ထွက်နေသည်။

အရွက်မရှိပေမယ့် အပွင့်တွေက အဆုပ်လိုက် ကောင်းကင်ကို မော့လို့ပွင့်နေသည်။ အပွင့်၏ အညှာတံတွေက နီညိုရောင် ရှိသည်။ သည်အပင်ကို ကလေးတွေက တက်နေကျ။ အပင်က နိမ့်သည်၊ တက်လို့ လွယ်သည်၊ သူ့အကိုင်းတွေက ပျော့ပျောင်းသည်။ ကလေးတွေက အကိုင်ကို တွယ်တက် ခုန်ဆော့သည်။ ယီးလေးခိုသည်။ တစ်ခါမျှ ကျိုးကျတာ မမြင်သေး။ တရုတ်စကားပင်၏ အနောက်ဘက်မှာက မြေကွက်လက်လေး ဖြစ်နေသည်။ အရိပ်လွတ်နေရာတစ်ခု ဖြစ်သည်။ အဲဒီ မြေကွက်လပ်ပေါ်မှာ ငါးမြွေထိုးခြောက်တွေ တင်လို့ လှန်းထားသည့် ဖျာတစ်ချပ်နှင့် ဆန်ကော နှစ်ချပ် ရှိနေသည်။ ပိုင်ရှင်မိန်းမကြီး ထင်သည်။ တုတ်ရှည်တစ်ချောင်းနှင့် ငါးမြွေထိုးတွေကို လှန်လျှောပြီး ဟိုရွှေ့သည်ရွှေ့ လုပ်နေသည်။ ပြီးတော့ ကုက္ကိုပင်ရိပ်အောက်မှာ သွားလို့ ထိုင်စောင့်နေသည်။

ဟုတ်တယ်။ သူစောင့်မနေလျှင် ကျီးကန်းစာ၊ ခွေးစာ ဖြစ်မှာမလွဲပေ။ ကျီးကန်းနှစ်ကောင် တအားအားနဲ့ အသံပေးလို့ အုန်းပင်ကိုင်းဖျားမှာ နားခိုလို့ ငါးမြွေထိုးခြောက်တွေကို အလစ်ချောင်းနေသည် ထင်ရဲ့။ မိန်းမကြီး အရိပ်ခိုနေသည့် ကုက္ကိုပင်က အစက အမြင့်ကြီးရယ်။ သက်ရင့်ပင်ကြီး တစ်ပင်ပဲပေါ့။ မနှစ်တစ်နှစ်ကမှ ခုတ်ဖြတ်ပစ်ကြတာ။ သစ်ငုတ်တိုကြီး ဖြစ်ကျန်ရစ်သည်။ သစ်ငုတ်ဆိုပေမယ့် ဂရန်တာနီးနီး အမြင့်ရှိသည်။ သည်နှစ်မှ အရပ် ရှစ်မျက်နှာလုံး အကိုင်း၊ အခက်၊ အရွက်တွေ ပြန်ထွက်လာပြီး ပန်းရောင်၊ အဖြူရောင် ရောယှက်နေသည့် ဝတ်ဆံပွင့်လေးတွေတောင် ပွင့်လို့နေသည်။

ကုက္ကိုပင်၏ ရှေ့ခပ်လှမ်းလှမ်းအကွာတွင် အုန်းပင်တစ်ပင် ရှိနေသည်။ အဲဒီ အုန်းပင်မှာ အုန်းသီးတစ်လုံးမှ မရှိ။ အညိုရောင် အုန်းလက်ခြောက်တွေ တွဲလဲကျနေသည်။ အောက်ပြုတ်မကျဘဲ ဟီးလေးခိုနေတုန်းပင်။ လေပြင်းပြင်း တိုက်သည့်အခါတွေမှ အုန်းလက်ခြောက်တွေက ပြုတ်ကျတတ်သည်။ အစိမ်းရောင်

အုန်းလက်တွေကတော့ ကောင်းကင်ပေါ် ထောင်နေတာ တချို့၊ အရပ်ရှစ်မျက်နှာလှည့်လို့ ဖြာဝေနေကျတာ တချို့နှင့် လေအသွဲ့မှာ တဖျပ်ဖျပ် ယိမ်းနွဲ့လို့ လှုပ်ရှားနေကြသည်။ အုန်းလက်ကိုင်းဖျားတစ်ခုပေါ်မှာ ကျီးကန်းတစ်ကောင် ဟီးလေးခိုစီးနေရဲ့။ အုန်းပင်က တစ်ပင်မက။ သည်ဇရန်တာကနေ အထင်းသား မြင်နေရတာ သုံးပင်တောင်။ အနားမညီ တြိဂံပုံဆောင်ပြီး ပေါက်နေကြသည်။ အုန်းပင်နှစ်ပင်မှာ အုန်းသီးတွေက ပြွတ်ခဲလို့ သီးနေသည်။ အုန်းပင် သုံးပင်၏ အလယ်မကျတကျမှာ ဗန်ဒါပင် (ဗာဒံပင်)တစ်ပင် ရှိနေပြန်သည်။ အရွက်အညွန့်ဖူးလေးတွေက မိုးကောင်းကင်ကို မျှော်လို့ ထွက်နေကြသည်။ တစ်ပင်လုံးမှာရှိသည့် ရွက်ဟောင်းတွေက အဝါရောင်၊ အစိမ်းရောင် မဟုတ်။ လိမ္မော်ရင့်ရောင်တွေ ဖြစ်နေသည်။ မြောက်ဘက် ကိုင်းတစ်ကိုင်းမှာတော့ အရွက်စိမ်းတချို့ ရှိနေသည်။ ဗာဒံသီးတချို့လည်း တွဲလွဲခိုလဲ ရှိနေသည်။

လိမ္မော်ရင့်ရောင် အရွက်တို့ဖြင့် ထိုဗန်ဒါ (ဗာဒံ) ပင်၏ အရှေ့ဘက်မှာ ရှိနေသည့် အုန်းပင်၏ အရှေ့မြောက် ၆ ပေအကွာလောက်မှာ ဗန်ဒါ (ဗာဒံ) ပင်တစ်ပင် ရှိနေပြန်သည်။ ဟင်၊ သည်ဗန်ဒါ (ဗာဒံ) ပင်က စောစောက အပင်လိုမဟုတ်။ တစ်ပင်လုံး အရွက်စိမ်းတွေ ပြည့်နှက်နေသည်။ သည်အပင်က ပိုးတော့ အတော်များပုံရသည်။ အရွက်ဖက်အစိမ်းအချို့မှာ ပိုးစားထားတာ အပေါက်ကလေးတွေ ပေါက်လို့၊ တချို့အရွက်စိမ်းတောင် မရှိတော့ဘဲ အရွက်၏ အကြော အရိုးတံလေးတွေသာ ရှိတော့သည်။ အသီးအကင်းလည်း တစ်လုံးတလေမှ မတွေ့ရ။ အရွက်စိမ်းတွေနဲ့ ဗန်ဒါ (ဗာဒံ)ပင်၏ အရှေ့တောင်မြောက် ၁၀ ပေ၊ ၁၅ ပေအကွာလောက်မှာ သက်နုပိန္နဲပင်တစ်ပင်နှင့် တစ်နှစ်မှ အသီးမသီးသည့် သရက်ပင်တစ်ပင် ရှိနေသည်။ သရက်ပင်ကနေ အုန်းပင်၊ အုန်းပင်ကနေ ပိန္နဲပင်၊ ပိန္နဲပင်ကနေ သရက်ပင်ကို သံရိုက်လို့ သွပ်နန်းကြိုးများ သွယ်တန်းပြီး အဝတ်တွေ လှန်းထားကြသည်။ သရက်ပင်ခြေရင်း

လူတစ်ရပ်ကျော် အမြင့်လောက်တွင် သစ်ခွပန်းအိုးတစ်ခု ချိတ်ဆွဲထားတာကိုလည်း မြင်နေရသည်။ အသီးမဲ့ အုန်းပင်ရယ်၊ တရုတ်စကားပင်လေးရယ်၊ ပိတောက်ပင်လေးရယ် ကြားမှာ ပိတောက်ပင်လေးလောက် မမြင့်သည့် ပိန္နဲပင်တစ်ပင် ရှိနေပြန်သည်။ အပင်လေးက သေးပေမယ့် အသီးတွေက ဟိုတစ်စု၊ သည်တစ်စု ပြွတ်ခဲလို့ သီးနေသည်။ ပိန္နဲရွက်ကလေးတွေကလည်း သေးသေးချွန်ချွန်လေးတွေ။

တကယ်ဆို သည်ဂရန်တာလေးက ကြည့်ရင် အပင်စုံတဲ့ တောအုပ် သေးသေးလေးတစ်ခုကို မြင်နေရသလိုပါပဲ။ ကြည့်ပါလား ပိတောက်ပင်၊ ကုက္ကို၊ တရုတ်စကား၊ ပိန္နဲ၊ အုန်း၊ ဗာဒံ၊ သရက် အပင်တွေက စုလုံ စုံလို့ပေါက်နေကြတာ။ တစ်ပင်နဲ့တစ်ပင်လည်း သိပ်အလှမ်းမကွာလှဘူး။ အလှမ်းမကွာတော့ အကိုင်းအခက်တွေက တစ်ပင်နဲ့တစ်ပင် ရောယှက်နေကြလေရဲ့။ သီးသန့်ဖြစ်နေတာက အုန်းပင်သုံးပင်ပဲ။ မိုးကောင်းကင်ကို အမြင့်ဆုံး ထိုးထွက်လို့ နေရာယူထားတာ။ သီးသီးသန့်သန့်ပဲ။ အမျိုးအမည် မသိသည့် အပင်အချို့တောင် ကျန်နေသေးသည်။ အရွက်က ပိန္နဲရွက်လို နေပေမယ့် ပိန္နဲပင်တော့ မဟုတ်။ အဲသည့်အပင်၏ အနောက်နားမှာ စွယ်တော်ပင်နှစ်ပင် ရှိနေသေးသည်။ စွယ်တော်သီး ညိုညိုရှည်ရှည်လေးတွေ ကိုင်းဖျားတွေမှာ တွဲလွဲခိုလို့။ ကင်ပွန်းသီးလိုလို၊ ကုက္ကိုသီးလိုလိုနှင့် လေတိုက်ချိန်မှာ လှုပ်ရမ်းလို့နေကြသည်။ စွယ်တော်ရွက်လေးတွေကလည်း ဝါတချို့၊ စိမ်းဖျော့တချို့နှင့် မြေပြင်ပေး ကြွေသက်ကျမှာစိုးလို့ ကိုင်းဖျား ကိုင်းနားတွေကို အားကိုးတကြီး ဖက်တွယ်ခိုနေသယောင်။ စွယ်တော်ပွင့် ဖြူဖြူတွေကိုတော့ လုံးဝ မတွေ့ရ။

မဝါ... နေပူကြီးထဲမှာ ထွက်ရပ်ပြီး ဘာတွေ ရေးနေတာလဲ"

ကြားဖူးနားဝရှိသည့် အသံကြောင့် ကျွန်မ လှုပ်ရှားသွားသည်။ ဂရန်တာလေးအောက်သို့ ငုံ့ကြည့်လိုက်သည်။

"ဩော်" ကျွန်မ ဘာမျှပြန်မပြောမိပါ။ သွားပေါ်အောင်တော့

အသိအမှတ်ပြုလို့ ရယ်ပြလိုက်မိသည်။ ဟုတ်ပါရဲ့ ကျွန်မ ခြေဖဝါးအောက် နေအပူကျနေပြီပဲ။ ခဏကြာရင် ဂရန်တာ တစ်ခုလုံး နေထိုးတော့မှာ။ ကြည့်စမ်း။ ညနေ ၃ နာရီတောင် ထိုးလုပြီ။ ဂရန်တာကနေ စီးမိုးလို့ မြင်မြင်သမျှ ခံစားပြီး ဟိုခြင်း သည်ခြစ် ရေးနေမိတာ လက်ချောင်းလေးတွေမှာတောင် ချွေးလေးတွေ စို့လို့။ ဂရန်တာလေးကို ကျောခိုင်းပြီး အိပ်ခန်းထဲ လှည့်ဝင်လိုက်သည်။ အို… လှည့်ဝင်လိုက်စဉ် ခဏ ကျွန်မမျက်လုံးတွေ ဘာမျှမမြင်ရ။ အိပ်ခန်းတစ်ခုလုံး မှောင်အတိကျ လို့…။

၁၉၉၂ ခုနှစ်၊ ဧပြီလ၊ စံပယ်ဖြူမဂ္ဂဇင်း။

## နားလည်ပါကွာ မိန်းမရာ

"ရှင့်မလဲ ရောက်တာနဲ့ သေတော့တာပဲ"

မိန်းမ၏ မကျေမနပ် ဆိုစကားကို မကြားတစ်ချက် ကြားတစ်ချက်ဖြင့် မောင်ထွန်း အိပ်ပျော်သွားလေသည်။ မိန်းမ ပြောလည်း ပြောစရာပင်။ မောင်ထွန်းမှာ လခအပ်သည်မှလွဲ၍ အိမ်၏ တာဝန်ကို ဘာမျှမယူနိုင်။ မနက်ငါးနာရီခွဲသည်နှင့် အိမ်ကထွက်၊ ညမိုးချုပ်မှ အိမ်ပြန်လာ။ တစ်ခါတစ်ခါ ကလေးများပင် အိပ်မောကျနေတတ်လေသည်။ အငှားတက္ကစီ မောင်းသလား၊ ကိုယ်ပိုင်တက္ကစီ မောင်းသမား ဆိုလျှင်တော့ နေ့တွက်ကိုက်သည်နှင့် အိမ်ပြန်အနားယူ၊ လိုသည့်တာဝန်ကို ဖြည့်ဆည်းပေးနိုင်ပေမည်။ အခုတော့သည်လိုမဟုတ်။ မောင်ထွန်းသည် ဌာနကြီးတစ်ခုမှ အရာရှိကြီးတစ်ဦး၏ ကားကို မောင်းရသော ဒရိုင်ဘာတစ်ဦး ဖြစ်နေလေသည်။ မနက် ခုနှစ်နာရီအရောက် သတ်မှတ်ထားသည်နှင့် အညီ အိမ်ကလည်း ဝေးသည့်အတွက် မနက် ငါးနာရီးထိုးသည်နှင့် အိပ်ရာက ထရသည်။

မျက်နှာကို ကပျာကယာသစ်၊ မိန်းမကျွေးသည့် ထမင်းကြမ်းကြော်နှင့် ရေနွေးကြမ်းကို အမြန်သောက်ပြီး ပုဆိုး၊ အကျႌလဲ ယူစရာရှိသည်ကို ယူကာ ကားဂိတ်သို့ ထွက်ခဲ့ရလေသည်။ ကားဂိတ်နှင့် မောင်ထွန်း အိမ်ကလည်း အတော်ကို လှမ်းလေသည်။ မနက်လင်းအားကြီး ဆိုပေမယ့် ကားက မချောင်။ ကုန်စိမ်း အရောင်းအဝယ်သမားများ ပါပါလာတတ်သည်ကြောင့် တောင်းတွေရော၊ လူတွေပါ ပြည့်နေတတ်သည်။ မတတ်နိုင်၊ အထဲ မဝင်နိုင်လျှင် ခိုစီးပြီးတော့ လိုက်ရုံသာ ရှိသည်။ စောင့်လေ၊ ကျပ်လေမို့ နောက်ကား မစောင့်တော့ဘဲ ပထမဆုံးသော ကားကိုသာ အတင်းတွယ်တက်လိုက်ရသည်။

အရာရှိကြီးခြံထဲရောက်တော့ တစ်ခြံလုံး တိတ်ဆိတ်နေသည်။ နိုးကြသေးဟန် မတူ။ ထုံးစံအတိုင်း အိမ်ကြီးကို ကွေ့ပတ်၍ နောက်ဖေး မီးဖိုချောင်ကို တန်းလာလိုက်သည်။ မီးဖိုချောင်ထဲမှာတော့ အိမ်ဖော်ကောင်မလေး နှစ်ယောက် အလုပ်ရှုပ်နေတာကို တွေ့ရလေသည်။ ကော်ဖီဖျော်သူက ဖျော်၊ ပေါင်မုန့်ကင်သူက ကင်နှင့်။

မောင်ထွန်းသည် ပေါင်မုန့်ကင်နေသူ မစိန်ထံမှ ကားသော့နှင့်အတူ ဂိုဒေါင်သော့ကို တောင်းလိုက်သည်။ ကားသော့ကို ထမင်းစားခန်းအတွင်းရှိ ရေခဲသေတ္တာပေါ် အမြဲတင်ထားလေ့ ရှိသည်။ သော့ယူပြီးသည်နှင့် အိမ်ကြီးနှင့် တွဲလျက်ရှိသော ဘယ်ဘက်ဂိုဒေါင် တံခါးဖွင့်၊ ကားနှစ်စီးအနက် တစ်စီး၏ အခြေအနေကို သုံးသပ်လိုက်သည်။ ဓာတ်ဆီရှိမရှိ၊ ဘီလေ ရှိမရှိ။ အားလုံးကို စိတ်တိုင်းကျ စစ်ဆေးလိုက်သည်။ ကျန်တစ်စီးမှာ ကိုယ်ပိုင်ကားမို့ မသုံးဘဲ ခြင်ထောင်ထားသည့်ကား ဖြစ်သည်။

တစ်ညလုံး သိပ်ထားသည့်ကားမို့ စက်က ချက်ချင်းမနိုးချင်။ လီဗာကို သာသာဆဆလေး ပုတ်၊ စက်ကို နှိုးကြည့်၊ သုံးလေးခါလောက် နှိုးလိုက်မှ စက်မှန်ဝင်လာသည်။ လီဗာကို ခပ်ကြာကြာလေး ဖိနင်းထားလိုက်သည်။ ဂျူး... ဂျူး ဆိုသည့် စက်သံရှည်သည် ဂိုဒေါင်တစ်ခုလုံးကို ဖုံးလွှမ်းသွားလေသည်။ လွှတ်ကြည့်လိုက်လို့ စက်ရပ်မသွားလျှင်တော့ ကားစက်မှန်ပြီဟု ယူဆကာ စက်နှိုးထားသည့် အတိုင်း လက်ကိုင်ဘရိတ်ကို ဆွဲ၊ ဂီယာကို ဖရီးရိုက်ထားကာ အောက်ဆင်း၍ ကားတစ်ခုလုံးကို အဝတ်သန့်နှင့် ပြောင်စင်အောင် သုတ်လိုက်သည်။ ဘီးလေးဘီးစလုံးကိုလည်း အဝတ်စုတ်ရေဆွတ်ကာ ပြောင်အောင် သုတ်လိုက်လေသည်။ အားလုံးကိစ္စပြီးသည်နှင့် ကားကိုမောင်းပြီး ပေါ်တီကို (ဆင်ဝင်) အောက်တွင် အဆင်သင့်ရပ်ထားလိုက်သည်။

ခဏကြာတော့ မစိန်က ကော်ဖီတစ်ခွက် လာပို့သည်ကို ဆိုင်းငံ့မနေဘဲ မော့ချလိုက်ပြီး ပန်းကန်ပြန်ပေးရင်း သိချင်တာကို မေးလိုက်သည်။

"အဘိုးကြီး… ကော်ဖီသောက်ပြီးပြီလား မစိန်"

"သောက်တုန်းပဲ၊ ပြီးခါနီး ပါပြီ"

ပြီးခါနီး ပြီ ဆိုသည်နှင့် မောင်ထွန်းလည်း ကားပေါ်မှ ဆင်းကာဧည့်ခန်းအတွင်းသို့ ဝင်လာလိုက်သည်။ ခါတိုင်း ယူနေကျအတိုင်း စားပွဲပေါ်မှ လက်ဆွဲသေတ္တာအနက်ကလေးနှင့် ဖိုင်တချို့ကို ယူမည်အလုပ်…

"မောင်ထွန်းရေ… ခဏ"။

"ခင်ဗျာ…"

ထမင်းစားခန်းထဲတွင် ကော်ဖီနှင့် ပေါင်မုန့်မီးကင် စားနေသည့် အဘွားကြီး (အရာရှိကြီး၏ မိန်းမ) ခေါ်သံကြောင့် ယူဟန်ပြင်နေသည့် လက်ကို ရုပ်သိမ်းပြီး ထူးလိုက်သည်။

ထမင်းစားခန်းနှင့် ဧည့်ခန်းက တိုးလျှိုပေါက်ဖြစ်သည့်အတွက် "မင်းဆရာ ပို့ပြီးတာနဲ့ ချက်ချင်းပြန်ခဲ့နော်။ ဒီနေ့ သွားစရာ နည်းနည်းရှိလို့" ဟု အဘွားကြီးက လှမ်းအော်ပြောသည်။

"ဟုတ်ကဲ့…မမ။ ကျွန်တော် ချက်ချင်း ပြန်ခဲ့ပါမယ်"

*****

"မောင်ထွန်းရေ၊ မမကို ရွှေဘုံသာလမ်း ခဏပို့ကွယ်"

ရွှေဘုံသာလမ်းတွင် ခဏကွယ် ဆိုတာက တစ်နာရီကျော်ကြာသည်။ ထွက်လာတော့ အဘွားကြီးနှင့်အတူ ခပ်ဂဂ မိန်းမနှစ်ယောက် ပါလာသည်။ အဘွားကြီးက ဗိုလ်ချုပ်ဈေးကို မောင်းရန်ပြောသည်။ ကားပေါ်တွင်

"အရည်ကတော့ မဆိုးပါဘူး မမရယ်၊ ဈေးကတော့ နည်းနည်း များသလားလို့"

"ဟုတ်တယ် ဆွေရဲ့၊ ဒါကြောင့် နည်းနည်း မူလိုက်တာ။ မမ လျှော့ခိုင်းတဲ့ ဈေးအတိုင်းလည်း ရမယ်၊ ဟိုဘက်ကလည်း ယူဖို့ အဆင်ပြေမယ် ဆိုရင်တော့ ထောင်ကျော်တော့ စားရဦးမှာပေါ့၊ မဟုတ်ဘူးလား။ ဟင်း… ဟင်း… ဟင်း"

ခေတ်မီအဘွားကြီးတွေပီပီ ရာကျော်တန်ပါတိတ် ဂမ်းဆက်တွေဝတ်ပြီး စိန်နားကပ်တွေ၊ စိန်လက်စွပ်တွေက တဖိတ်ဖိတ် လက်နေသည်။ လက်သည်း၊ ခြေသည်း ချွန်မြမြတွေ အပေါ်မှာလည်း ဆိုးဆေးရောင်စုံများကို ဆိုးထားသေးသည်။ အပြိုင်အဆိုင် ဝတ်စားထားကြပြီး ခေတ်ပေါ် ကားတွေအကြောင်း၊ တိုက်တွေ ခြံတွေအကြောင်း၊ နိုင်ငံခြား တိုင်းပြည်တွေ အကြောင်း (ကိုယ်နှင့် ဆွေမတော် မျိုးမစပ် အသိမိတ်ဆွေတွေလောက်က သွားသည်ကို အပြိုင်အဆိုင် အယုအယက် မြိန်ရေယှက်ရေ ပြောကြခြင်း ဖြစ်သည်။) သားတွေ၊ သမီးတွေအကြောင်းကို မနားတမ်း ပြောဆိုကြရင်း ကားပေါ်တွင် ဆူညံစွာ လိုက်ပါလာကြသည်။

အသက်လေးဆယ်ကျော် ငါးဆယ်အရွယ်မို့ ဘုရားအကြောင်း၊ တရားအကြောင်း ဆွေးနွေးတာ တစ်ခါမှ မကြားရဖူးပေ။ တကယ်ဆို ဘုရားရိပ်၊ တရားရိပ်ကိုတော့ဖြင့် ခိုလှုံသင့်ပြီ ထင်သည်ဟု မောင်းထွန်း တွေးလိုက်မိ၏ ။

"ဒီနားမှာပဲရပ် မောင်ထွန်းရေ၊ မမတို့ ခဏပဲ"

ပြောပြီး ဗိုလ်ချုပ်ဈေးအတွင်း ဝင်သွားကြသည်။ ခဏမို့ပဲ တော်တော့သည်။ အပြန် ဂိတ်ဂတွင် အချိန်ပိုအတွက် ပေးခဲ့ရသေးသည်။ ပြီးတော့ ပါလာသည့်လူတွေကို အိမ်တိုင်ရာရောက် ပြန်ပို့ပေးရသည်။ မနက် ကိုးနာရီ ကတည်းက ထွက်လာတာ၊ အခု နေ့လယ် တစ်နာရီထိုးနေပြီ။ မောင်ထွန်း ထမင်းမစားရသေး။ သူတို့ တစ်တွေကတော့ ဈေးထဲ စားခဲ့ပြီး အိမ်အတွက်တောင် အထုပ်ကိုယ်စီနှင့် ပြန်ကြသည်။ အဘွားကြီးကလည်း အိမ်ပြန် လိုက်မလာဘဲ သူငယ်ချင်းတစ်ယောက်အိမ်မှာ `ဝိုင်း� လုပ်ဖို့ ဆင်းနေခဲ့သည်။ အိမ်အတွက် ဆီချက်ခေါက်ဆွဲထုပ် ပါးရင်း မှာလိုက်သေးသည်။

"ညနေ ငါးနာရီတိတိ လာကြိုနော်။ ဒီမှာ ဆင်းနေခဲ့တာ မင်းဆရာ မသိစေနဲ့ဦး"

အိမ်ပြန်ရောက်တော့ ထမင်းလေးစား၊ ရေလေးတစ်ခွက်လောက် သောက်ပြီး ခဏနားဖို့ စိတ်ကူးတုန်း....

"ဦးလေးထွန်းကလည်း သိပ်ကြာတာပဲ၊ မိတူး ကျူရှင် နောက်ကျနေပြီ"

ခြေသံကို ဆောင့်နင်းထွက်လာပြီး ကားပေါ်ကို ဝုန်းခနဲ တက်ထိုင်ကာ တံခါးကို (ဂျိုင်း) ခနဲ မြည်အောင် ဆောင့်ပိတ်လိုက်သည်။

"ဟာ... ဦးလေးထွန်းကလည်း ခုထိ ထမင်းမစားရသေးဘူးလား၊ စောစောစီးစီး စားထားတာ မဟုတ်ဘူး။ ခု ဘယ်အချိန် ရှိနေပြီလဲ၊ ပြန်မှ စား၊ မိတူးကို လိုက်ပို့ဦး"

မောင်ထွန်းခမျာ ထမင်းဘူးလေးကို ပြန်ပိတ်ပြီး ထိုင်ခုံအောက်ထဲ ထိုးသွင်းလိုက်သည်။ ရေလေးတစ်ခွက်ပင် သောက်ချိန်မရလိုက်။ စောစောက အဘွားကြီးတွေ ဗိုလ်ချုပ်ဈေး စဝင်ကတည်းက ထမင်းဆာတာကို စားမယ်စိတ်ကူးပေမယ့် ခဏလေးပဲဆိုပြီး လာနိုး၊ လာနိုးနဲ့ စောင့်ရင်း မစားဖြစ်လိုက်။

"ဦးလေးထွန်း၊ ကိုမိုးတို့အိမ်ကို မောင်း၊ သူ့ဆီ ခဏဝင်ဦးမယ်"

ကိုမိုးဆိုတာ သူ့ကောင်လေး။ သူလည်း သူ့အမေအတိုင်း ခဏဆို တစ်ခါတလေ ကျူရှင်ချိန် ကျူရှင်မတက်ဘဲ အဲဒီ အိမ်မှာ အချိန်ကုန်တတ်သည်။ အခုလည်း ခဏဆိုပြီး တော်တော်နှင့် ထွက်မလာ။ ပြန်လာပြန်တော့...

"ဦးလေးထွန်း မစောင့်နဲ့တော့၊ ကျူရှင်ပြီးတဲ့အချိန် ညနေ လေးနာရီမှ လာကြို၊ ရော့... ဦးလေးထွန်းအတွက် လက်ဖက်ရည်ဖိုး ငါးကျပ်၊ မိတူး ဒီမှာ နေခဲ့တာ မေမေနဲ့ ကိုကို မသိစေနဲ့နော်"

ပြောပြီး မိတူး အိမ်ထဲဝင်သွားသည်။

မောင်ထွန်းမှာ မဆီမဆိုင် ကောင်မလေးအတွက် ရင်လေးမိသည်။ မဆီမဆိုင် ဆိုပေမယ့် ကိုယ့်ကျေးဇူးရှင်ရဲ့ သမီးဆိုတော့လည်း ပြောခွင့်တော့ ရမည်ထင်ပါသည်။ သို့သော် ပြောလို့လည်း ရမည်မဟုတ်။ ပြောတာကို မကြိုက်တဲ့အဆုံး ဦးလေးထွန်း ကားမောင်းတာကို မကြိုက်ဘူး၊ ဘာဘူးနဲ့ တိုင်လိုက်ရင်မလွယ်။ မောင်ထွန်းမှာ ဒီအဘိုကြီးကြောင့်သာ အလုပ်ရထားခြင်း ဖြစ်သည်။ အဘိုးကြီးကလည်း မောင်ထွန်းထက်စာလျှင် မိန်းမနှင့် သားသမီးစကားကိုသာ အတည်ယူမှာမို့ မောင်ထွန်း အလုပ်ပြုတ်ရုံသာ ရှိတော့သည်။ မောင်ထွန်း အလုပ်ပြုတ်လျှင် မောင်ထွန်းမိသားစု ဒုက္ခရောက်မည်။ ဒါတွေကို တွေးပြီး ကိုယ့်အပေါ် သူ စိတ်မကွက်အောင် ကြားနေဝါဒ သုံးကာ မပြောဘဲ နေလိုက်သည်။ သိတာကို မသိချင်ယောင် ဆောင်နေလိုက်သည်။

မောင်ထွန်း ဒီအိမ်မှာ ကားမောင်းတာ တစ်နှစ်ကျော်ပြီ။ တစ်ခါမှ ခွင့်မယူ၊ ပျက်ရက် လုံးဝ မရှိခဲ့။ တစ်ခါတရံ အရေးကြီးလျှင် စနေ၊ တနင်္ဂနွေပါ အလုပ်ဆင်းပေးရသည်။ တချို့ ကားသမားတွေလိုလည်း အချိန်ကို မခိုတတ်၊ ဓာတ်ဆီလည်း တို မရောင်းတတ်။ ပင်ပန်းလို့ ကားကို တစ်နေရာရာမှာ ထိုးထားပြီး တစ်ရေးတမော အိပ်နေလို့ ရသည်။ "ဘယ်သွားနေလဲ။ ကြာလိုက်တာ" ပြောလျှင်လည်း ကားပျက်လို့၊ ဘာလို့ ညာလို့ ညာပြောလိုက်လျှင် ရသည်။

သို့သော် မောင်ထွန်းမှာ ဘယ်လောက်ပဲ ပင်ပန်းနေပါစေ ကားကို အချိန်နှင့် တိတိကျကျ ကြိုပေးသည်။ ပို့ပေးသည်။ ဒီကြားထဲ နည်းနည်း နောက်ကျရင် မောင်းတဲ့သူကို ကိုယ်ချင်းမစာ၊ ဖအေအရွယ် ဦးလေးအရွယ်ကို အော်ကြသေးသည်။ ငေါက်ကြသေးသည်။ အဘိုးကြီး အဘွားကြီးက ဆူသည်၊ ပြောသည်ဆိုလျှင် ထားတော့။ သမီးတစ်ယောက် သားတစ်ယောက်မို့သာ တော်တော့သည်။ လေးငါးယောက်ဆိုလျှင် လွယ်မည်မထင်။ ခေါင်းခြောက် သေနိုင်သည်။ သူငယ်ချင်း အပေါင်းအသင်းတွေကလည်း များသလား မမေးနဲ့၊

မအေရော၊ သားတွေ သမီးတွေပါ တစ်နေ့တစ်နေ့ သွားလည်း မကုန်နိုင်။ ဖအေကြီးကို ရုံးပို့ပြီးသည်နှင့် တစ်ယောက်တစ်လှည့် ထွက်နေကြတာချည်း။ တစ်ခါတလေ ပြိုင်ပြီး သွားစရာရှိနေလျှင် သူ့အလျင်ပို့ ငါ့အလျင်ပို့ သူက အရေးကြီးသည်။ ငါက အရေးကြီးသည်နှင့် စကားများကြသေးသည်။ ကြားထဲကကောင် ဘယ်လိုနေရမှန်း မသိ။ သားကလည်း စကောစကအရွယ်မို့ ကားကို မမောင်း။ အနည်းအကျဉ်းတော့ မောင်းတတ်နေသည်။ သို့သော် လိုင်စင်က မရှိသေး။ ဒါကိုပဲ တစ်ခါတလေ သားဖြစ်သူက ဖအေမသိအောင် ကားကို ခိုးမောင်းတတ်သေးသည်။ သူငယ်ချင်း ကောင်လေးတွေ၊ ကောင်မလေးတွေ ရှေ့မှာ ကြွားပြီး မောင်းပြချင်သည်။

တစ်ခါကလည်း အကြွားကောင်းပြီး တအားမောင်းလို့ လမ်းဘေးဓာတ်တိုင်ကို ဝင်တိုက်သေးသည်။ လူကိုမတိုက်၊ ကားကိုမတိုက်လို့ တော်ပေသေးသည်။ ကားကတော့ တစ်ခြမ်း ပိန်သွားသည်။ အိမ်ပြန်ရောက်တော့ သားဖြစ်သူက မအေနဲ့ ကျိတ်တိုင်ပင်ပြီး ငွေထုတ်ပေးကာ ကားကို ချက်ချင်း သွားထုခိုင်းသည်။ သားဖြစ်သူကို အမေဖြစ်သူကလည်း အနည်းငယ်လောက်သာ ဆူပြောသည်။ ဖအေဖြစ်သူမှာတော့ ဒီကိစ္စကို လုံးဝမသိလိုက်၊ မောင်ထွန်းမှာ ကြားထဲကနေ သူတို့ကိုကြည့်ပြီး ရင်လေးနေမိသည်။ မအေက ဖဲဝိုင်းသွား၊ သမီးက ရည်းစားနဲ့တွေ့၊ သားက သူငယ်ချင်းတွေနဲ့ လျှောက်လည် ဖအေကြီးမှာတော့ ဒါတွေကို မသိရှာ။ ရုံးနဲ့အိမ်၊ အိမ်နဲ့ရုံး၊ မယားအတွက်၊ သားအတွက်၊ တိုင်းပြည်အတွက် ပင်ပန်းလှရှာသည်။ ရုံးအလုပ်တွေကလည်း များပြီး အစည်းအဝေးတွေ ထိုင်ရပြီဆိုလျှင် ထမင်းစားချိန်တောင် မမှန်ရှာ၊ တစ်ရံတစ်ခါ မနက်စာပင် လွတ်သွားတတ်သည်။

ဒီလို စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်နေသည့် ဖအေကြီးကို သနားရမှန်းမသိကြ၊ ရသမျှ အခွင့်အရေးကို အကုန်ယူကာ နေကြ ထိုင်ကြလေသည်။ ဒါတွေကို သိသွားလို့ကတော့ မောင်ထွန်းလည်း မလွယ်။ စောစောက

မပြောရကောင်းလားဆိုပြီး ဆူခံရမည်။ ပြောလိုက်လို့ကတော့ အလုပ်များတဲ့ ကြားထဲက စိတ်ဆင်းရဲမှုတစ်ခု ပိုသွားမှာ စိုးရသေးသည်။ တစ်ဖက်ကလည်း ကိုယ့်ကိုပဲ ဝိုင်းအပြစ်တင်ပြီး ပြောကြဦးမည်။ ဆိုကြဦးမည်။ ဟိုဘက်ကို ဖုံး၊ သည်ဘက်ကို ပိတ်နှင့် ဘေးကျပ်နံကျပ် ဖြစ်နေတာမို့ ကြာတော့လည်း မောင်ထွန်း ယတိပြတ် ဆုံးဖြတ်ချက် ချလိုက်ရသည်။ ငါက ဒရိုင်ဘာပဲ၊ သူတို့ ပို့ဆိုပို့၊ ကြိုဆို ကြို၊ ဟိုကိုသွားဆို ဟိုကိုသွား၊ ဒီကိုလာဆို ဒီကိုလာ၊ ဒါပဲ ရှိတော့တာပဲ၊ ဘာပြောစရာ ရှိလို့လဲ" ဟု တွေးမိသည်။

ထမင်းစားချိန် လွန်နေပြီမို့ မောင်ထွန်းဗိုက်ထဲက ပိုးတွေက ဂွီဂွီ ဂွမ်ဂွမ်နှင့် အစာတောင်းနေကြပြီ။ ဆာလွန်းတော့လည်း လက်တွေပင် တုန်နေသည်။ ဒါမျိုးကလည်း ခဏခဏ ကြုံတတ်တာမို့ ခံနိုင်ရည် ရှိအောင်တော့ ကြိုးစားရဦးမည်။

*****

ခြံထဲကို ကားကွေ့ဝင်လိုက်သည်နှင့် ကျော်ကျော်တို့ သူငယ်ချင်းအုပ်စု အပြင်သွားရန် စောင့်နေကြသည်။ ခေတ်ပေးအကျႌတွေ၊ ဘောင်းဘီတွေနှင့် ဆံပင်တွေကလည်း ထိုးထိုးထောင်ထောင်၊ လက်တွေမှာလည်း ဘာတွေ ဝတ်ထားမှန်း မသိအောင် ရှုပ်ယှက်ခတ်နေလေ၏ ။ အိမ်အတွင်းက ပျံ့လွင့်လာသည့် အင်္ဂလိပ်သီချင်းနှင့်အညီလည်း လှုပ်ရှားယိမ်းယိုင်နေကြသေးသည်။ ဧည့်ခန်းအတွင်းမှာလည်း ဖုန်းပြောတဲ့သူက ပြော၊ မဟုတ်တဲ့ ကားတွေ ဖွင့်ပြီး ဗီဒီယို (ရုပ်မြင်သံကြား) ကြည့်တဲ့သူက ကြည့်နှင့် လူကြီးမရှိတော့လည်း အိမ်မှာ ဝုန်းဒိုင်းကြဲပြီး ဖြစ်ချင်သလို ဖြစ်နေလေ၏ ။

ဆင်ဝင်အောက်ကို ကားထိုးရပ်လိုက်သည်နှင့်...

"ခင်ဗျားကြီးကလည်း ကြာလိုက်တာဗျာ"

ဒါက ကျော်ကျော့်အပြော မဟုတ်။ သူငယ်ချင်းဖြစ်သူ၏ အပြော၊

ဘယ်လောက်များ ယဉ်ကျေးလိုက်ပါသလဲ။

"ဦးလေးကလည်းဗျာ ကြာလိုက်တာ၊ ဒီမှာ သူငယ်ချင်းတွေနဲ့ ချိန်းထားတာ နောက်ကျကုန်ပြီ"

"ဦးလေးကလည်း ကျော်ကျော် အပြင်သွားမယ်လို့ မိတူးတို့ ကိုမိုတို့အိမ်၊ အဲ... ကျူရှင်ပို့ပြီးတန်းလာတာပဲ၊ ခုထိ ထမင်းမစားရသေးဘူး၊ ကားလည်း ဓာတ်ဆီမထည့်ရသေးဘူးကွ"

"ဟာ.. ဦးလေးထွန်း ထမင်းမစားရသေးဘူး၊ နှစ်နာရီပဲ ခွဲနေပြီ။ ဒါဆို မြန်မြန်စားဗျာ၊ စားပြီးရင် ကျွန်တော်တို့ကို လိုက်ပို့ဦး၊ ညနေ ဒက်ဒီ ရုံးမဆင်းခင် ပြန်လာရမှာ၊ လုပ်ဗျာ ဦးလေးထွန်း၊ သွား မြန်မြန်စားချေ"

"မစားတော့ပါဘူး ကျော်ကျော်ရာ၊ မင်းတို့ ပို့ပြီးမှပဲ စားတော့မယ်" လို့ ပြောဦးမလို့ဘဲ။ ဒါပေမယ့် သိပ်ဆာလွန်းတာကြောင့် ထမင်းဘူးလေး ယူ၊ မီးဖိုထဲ အမြန်သွားစား၊ ရေအမြန်သောက်ပြီး ကျော်ကျော်တို့ သွားချင်တဲ့ နေရာတွေကို လိုက်ပို့ရပါတော့သည်။

ခေတ်လူငယ်တွေမို့၊ ခေတ်မိန်းကလေးတွေရှိရာ ဗိုလ်ချုပ်ဈေး၊ ရန်ကုန်တက္ကသိုလ်ပင်မ၊ လှိုင်နယ်မြေ စသည့် နေရာတွေကို ပို့ပေးရလေသည်။ ကားပေါ်မှာလည်း ဟေးလားဝါးလား ပြောကြဆိုကြ ရယ်ကြမောကြနှင့် ဆူညံနေလေ၏ ။ မောင်ထွန်းမှာ သူတို့တွေကို ကြည့်ရင်း နှစ်တန်း ရောက်နေပြီဖြစ်သော သမီးကြီးနှင့် နို့စို့အရွယ် ပုခက်ထဲမှ သားငယ်တို့ကို တွေးပြီး စိတ်ပူနေမိလေ၏ ။ မိဘကွယ်ရာမှာ ဖြစ်ချင်တိုင်း ဖြစ်၊ နေချင်သလို နေကြသည့် လူငယ်တွေမို့ နောင်တစ်ချိန် လူကြီးတွေနေရာမှာ အစားထိုး ဝင်ရောက်ဖို့ ခက်ပေလိမ့်ဦးမည်။ ကိုယ်က ပျက်တော့ ကိုယ်တွေက မွေးလာကြမည့် သားသမီး အစဉ်အဆက်တွေကိုပါ ထိန်းကျောင်းရ ခက်ပေဦးမည်။ စိုးရိမ်စရာပင်။

"ဦးလေးထွန်း၊ ဦးလေးထွန်း ဘေးကပ်ရပ်၊ ဘေးကပ်ရပ်"

ကျော်ကျော်က ပြောလည်း ပြော၊ ကား လက်ကိုင်ကိုလည်း တအားဆွဲလှည့်တာကြောင့် ဘုမသိ၊ ဘမသိ ထိုးရပ်လိုက်ရသည်။

"ဖယ်ဖယ် ဦးလေးထွန်း၊ ကျွန်တော် မောင်းမယ်၊ ဟိုရှေ့က သွားတဲ့ ကားက ကျွန်တော့်ကောင်မလေးရဲ့ကားဗျ"

"ဖြစ်ပ့ါမလား ငါ့တူရာ၊ ဟိုတစ်ခါလို..."

"ဖယ်စမ်းပါဗျာ၊ ဖြစ်ပါတယ်၊ ဘာမှ မဖြစ်စေရဘူး၊ စိတ်ချ"

ကျော်ကျော်က မောင်ထွန်းကို တအားတွန်းဖယ်လိုက်သည်။ နေရာချင်း လဲပြီးသည်နှင့် ကျော်ကျော်က ကားကို တစ်ရှိန်ထိုး မောင်းထွက်လိုက်သည်။

"ဂျူး... ဂျူး"

လီဗာကိုလည်း အသံမပြည်ပြည်အောင် ကလပ်အကုန် မလွှတ်ဘဲ ဖိနင်းလိုက်သေးသည်။ မောင်ထွန်းမှာ သူမောင်းတာကို စီးရင်း ဘုရားစာ ရွတ်နေရသည်။ နာရီကြည့်တော့ လေးနာရီထိုးပြီ။ မိတူးကို ကြိုရဦးမည်။ ကြိုဖို့အချိန်ပင် နောက်ကျနေပြီ။ အဘွားကြီးကိုလည်း ငါးနာရီအမီ ကြိုပေးရဦးမည်။

"ကျွိ ကျွိ"

"အောင်မယ်လေးဗျ"

"ဝါး... ဟား... ဟား"

ကျော်ကျော်က သူ့ကောင်မလေးကားကို ကျော်တက်လိုက်ပြီး ရှေ့မှာ ပိတ်ရပ်လိုက်သည်။ မောင်းပုံ၊ ရပ်ပုံက အင်္ဂလိပ်ရုပ်ရှင်ကားထဲက မင်းသားတွေအတိုင်း မြန်မြန်မောင်းတက်ပြီး ဘရိတ်ကို တစ်အားအုပ်လိုက်တော့ ဘရိတ်အုပ်လိုက်သည်နှင့် တစ်ပြိုင်နက် တွေးပြီးလာသည့် မောင်ထွန်းခမျာ ရှေ့က သံတန်းနှင့် ဝင်စောင့်ပြီး နဖူးယောင်သွားသည်။ ဒါကိုကြည့်ပြီး အကောင်တွေက ဝိုင်းဟားကြသေးသည်။ ဒုက္ခ... ဒုက္ခ။

ကျော်ကျော့် ကောင်မလေး ကားထဲမှလည်း ကောင်မလေးတွေ အုပ်စုလိုက်၊ တစ်ကားနှင့်တစ်ကား အပြိုင်ပြောင်လှောင်နေကြလေ၏ ။

"ကဲ... ကျော်ကျော်ရေ၊ မင်းညီမနဲ့ မင်းအမေကို ကြိုဖို့ နောက်ကျနေပြီ"

ဖုယောင်သွားသည့် နဖူးကို လက်နဲ့စမ်းအုပ်ရင်း မောင်ထွန်းက သတိပေးလိုက်သည်။

"အာ... ဟုတ်ကဲ့.. ဟုတ်ကဲ့ ဦးလေးထွန်း၊ ဒီကောင်တွေကို လှည်းတန်းမှာ ချပြီး အိမ်ပြန်မယ်"

"ဟာ... မင်းက ငါတို့နဲ့ မလိုက်တော့ဘူးလားကွ"

"မလိုက်တော့ဘူးကွ၊ အချိန်မီ အိမ်မှာ နေလိုက်ဦးမယ်၊ တော်ကြာ ငါ့အဘိုးကြီးလာရင် ပွမ်နေမှာကွ"

သင်း... ကလေးတွေ၊ သင်း...ကလေးတွေ၊ ကိုယ့်အဖေရတဲ့ကား ကိုယ့်ကားဆိုပြီး သုံးနေလိုက်ကြတာ၊ မအေက တစ်မျိုး၊ သမီးက တစ်မျိုး၊ သားက တစ်မျိုး၊ အဘိုးကြီး ရတဲ့ ရုံးကားသာ ဆိုတယ် အဘိုးကြီးခမျာမှာတော့ ရုံးပို့နဲ့ ရုံးကြိုရုံလောက်သာ သုံးသည်။

ကျန်တဲ့ အချိန်မှာတော့ သူတို့သားအမိ သုံးယောက်နဲ့ပဲ အလျင်အမီနိုင်ပေ။ တစ်ခါတလေ ရုံးကြိုဖို့များ နောက်ကျသွားရင် အဘိုးကြီးခမျာ ရုံးက တခြားအရာရှိကားကို ကပ်စီးပြီး ပြန်ရရှာသေးသည်။ အဘိုးကြီးတစ်ယောက်ကြောင့်သာ သူတို့ ဒီလိုနေကြသည်ကိုလည်း မစဉ်းစားကြ။ အဘိုးကြီးအတွက်ကိုလည်း ဘာမှ စနစ်တကျ စီစဉ်ပေးခြင်း မရှိကြပေ။ မိန်းမကလည်း ယောက်ျားမသိအောင် သွားလိုက်၊ လာလိုက်၊ သားသမီးတွေကလည်း ဖအေမသိအောင် သွားကြ လာကြ၊ ဟိုဖုံးရ၊ ဒီဖုံးရနဲ့ ကြားထဲက မောင်ထွန်းခမျာ ကြာကြာနေရင် ရူးတော့မည် ထင်သည်။

*****

သင်းတို့သည်လို သွားကြ လာကြ၊ လူဝင်ဆံ့နေရသည်မှာ အဘိုးကြီး တစ်ယောက်ကြောင့်သာ ဖြစ်သည်။ အဘိုးကြီးသာ မရှိလို့ကတော့ ဒုက္ခကောင်းကောင်း တွေ့ကြရဦးမည်။

"ဦးလေးထွန်းကလည်း ကြာလိုက်တာ၊ လေးနာရီခွဲနေပြီ"

"ဓာတ်ဆီထည့်တာ နည်းနည်းနောက်ကျသွားလို့ပါ မိတူးရာ"

"မမကို တစ်ခါတည်း ဆက်ကြိုလိုက်မယ်နော်။ မိတူး"

မိတူး ကားပေါ်အရောက်မှာ မောင်ထွန်းက မေးလိုက်သည်။

"ဟာ... မကြိုနဲ့ ဦးလေးထွန်း၊ မိတူးကို အရင်လိုက်ပို့ပေ။ ပြီးမှ သွားကြို၊ တော်ကြာ မိတူးကို ကြိုတာ နောက်ကျနေလို့ ဦးလေးထွန်းကို ဆူခံနေရဦးမယ်"

အလှည့်ကလည်း တတ်ပါပေ့။ သူ့ဆူခံရမှာကို ဦးလေးထွန်း ဆူခံနေရဦးမည်တဲ့။ တကယ်ဆို လမ်းက ကြုံနေသည်။ ဝင်ကြိုလိုက်လျှင် တစ်ခါတည်း ပြီးသည်။ ခုတော့ အိမ်တစ်ခေါက်ပို့၊ တစ်ခါထွက်ကြို၊ ဓာတ်ဆီက မလောက်နိုင်။ တိုင်းရ ဆရမှန်းလည်း မသိကြ။ ဓာတ်ဆီက ကိုတာနဲ့ ပေးတာမို့ ကိုယ်ကတော့ ဓာတ်ဆီအကုန်သတ်သာအောင် တစ်ခါတစ်ခါ ဖရီးရိုက် ရိုက် မောင်းနေရသည်။

အဘွားကြီးကို သွားကြိုပြန်တော့...

"နောက်ကျလှချည်လား မောင်ထွန်းရယ်၊ ငါးနာရီကျော်နေပြီ၊ မင်း ဆရာ မရောက်ခင် မမက အရင်ရောက်နေမှ။ တော်ကြာ မမကိုမတွေ့ရင် ဟိုအော် ဒီငေါက်နဲ့ တော်ကြာ မင်းပါ အချောင်အဆူခံနေရဦးမယ်"

လိုက်လည်း လိုက်ကြတဲ့ ဒီသားအမိ။ တတ်လည်း တတ်နိုင်ကြသည်။ အိမ်ပြန်ရောက်တော့ တစ်ခါ...

"ဦးလေးထွန်း ရေ၊ ဒက်ဒီက ဖုန်းဆက်တယ်။ အလုပ်တွေများနေလို့ နည်းနည်းနောက်ကျမယ်၊ ရုံးမှာ လာစောင့်နေပါတဲ့"

"ဟာ… ဒါဆိုရင်တော့ ရုံးအောက်ကနေ အိပ်ပြီး စောင့်ရုံပဲ"

လို့ မောင်ထွန်း တွေးလိုက်မိသည်။ အတွေးနဲ့အတူ ရုံးကို မောင်းလာလိုက်သည်။ ရုံးရောက်တော့ သိပ်မကြာလိုက်ပါ။ အဘိုးကြီး ဆင်းလာသည်။ ဖိုင်တွဲတွေ၊ အိတ်တွေကို ရုံးအကူ ကောင်လေးဆီက လှမ်းယူလိုက်သည်။ ပြီး အဘိုးကြီး တက်ရန် တံခါးကို ဖွင့်ပေးလိုက်သည်။

ကားပေါ်ရောက်တော့ အဘိုးကြီးက ထုံးစံအတိုင်း ပြောနေကျ မေးနေကျ စကားကို မေးလာသည်။

"ဓာတ်ဆီ လောက်ရဲ့လား မောင်ထွန်း"

"ဟုတ်… ဟုတ်ကဲ့ ခင်ဗျ၊ လောကပါတယ်"

မောင်ထွန်း မုသားသုံးလိုက်ရသည်။ အတိုင်းအဆ မရှိဘဲ ကားကို သုံးနေကြတော့လည်း တစ်လတစ်လရသည့် ဓာတ်ဆီဂါလန် ကိုးဆယ်မှာ မလောက်နိုင်။ သူတို့ဟာသူတို့ လကုန်ခါနီး ဝယ်ထည့်ပြီး သုံးကြသည်။

"အင်း… မင်းအစ်မနဲ့ မင့်တူမတွေလည်း ပြောထားဦး၊ ကားကို အသုံးမများဖို့၊ တစ်ခါမြို့ထဲ ထွက်မယ်ဆိုရင် လိုတာအကုန်လုံး စဉ်းစားပြီးဝယ်စရာရှိတာ ဝယ်၊ သွားစရာရှိတာ သွားပါစေ။ အခေါက်ခေါက် အခါခါဆို ဓာတ်ဆီလည်း မသက်သာဘူး၊ မောင်းတဲ့လူလည်း မသက်သာဘူးကွ"

အဘိုးကြီးကတော့ ကားကို စည်းနဲ့စနစ်နဲ့ သုံးစေချင်သည်။ မိန်းမနဲ့ သားသမီးတွေကလည်း စည်းနဲ့စနစ်နဲ့ မသုံး။ ရုံးကားကို ကိုယ်ပိုင်ကားအဖြစ်နဲ့ သွားချင်ရာ သွား၊ လာချင်ရာ လာကြသည်။ ကိုယ်ပိုင်ကားကြီးကိုတော့ဖြင့် ခြင်ထောင်ချပြီး အလှကြည့်ထားကြသည်။ တကယ့် လူတော၊ သူတော အလှူပွဲကြီး၊

မင်္ဂလာပွဲကြီးတွေကျမှ ရှီးကျကျနဲ့ ထုတ်သုံးတတ်ကြသည်။ ကိုယ်ပိုင်ကားကို မသုံးဘဲ ထားကြသည့် မိမိ၏ အိမ်သားများကို ရုံးကားမာစတာဂျစ်ကိုလည်း အိမ်ကားလို လုံးဝ မသုံးဦးတောင် တော်ရုံလောက်ပဲ သုံးကြမှာပါလို့ ထင်ထားဟန် ရှိသည်။

တစ်ခါတလေ ကားကို ဘယ်အချိန်က ဘယ်နေရာမှာ တွေ့တယ်၊ ဘာတယ် ညာတယ်ဟု သတင်းသိုးသိုးသန့်သန့် ကြားလျှင် အိမ်ရောက်သည်နှင့် မိန်းမကိုရော၊ သားနှင့် သမီးကိုပါ စစ်မေးတတ်သည်။ အရင်ဆုံး မေးခံရတာ က မောင်ထွန်း။ သို့သော် သွားတော့ သွားပါသည်။ ခဏပါဟု မယုတ်မလွန် ပြောရသည်။ အဘိုးကြီးက ဘယ်လောက်စိတ်ဆိုးဆိုး မိန်းမနဲ့ သားသမီးတွေက အပြောကောင်းလျှင် သဘောပြောင်းသွားတတ်သည်။ ဒီဗတော့ ကြားထဲက မောင်ထွန်း အမုန်းမခံချင်၊ အပြောမခံချင်၊ တွေတွေဆိုင်ဆိုင် ဖြစ်ကြ တွေ့ကြမှ သူတို့ဟာသူတို့ ရှိပါစေတော့။

မောင်ထွန်း အိမ်အပြန် ကားဂိတ်မှာ နာရီဝက်ကျော်ကြာအောင် စောင့်ရသည်။ အချိန်က ည ၇ နာရီကျော်ပြီ။ ကားတွေက လာခဲသည်။ လာသည့်ကားကလည်း...

ကားက လာခဲ၊ ခရီးက ဝေးနှင့် အိမ်ကိုရောက်တော့ ည ၉ နာရီထိုးလုပြီ။ လူမှာလည်း တစ်နေကုန် မနားမနေ ကားမောင်းထားရတော့ ညောင်းတွနေသည်။ ကားဂိတ် အုတ်ခုံလေးမှာ ထိုင်ရင်း ကားလာမည့် ဘက်ကို မျှော်ငေးလို့ မောင်ထွန်း တွေးလိုက်မိသေးသည်။ အိမ်ရောက်သည်နှင့် မိန်းမကျွေးသည့် ထမင်းကို အငမ်းမရ စား၊ စားပြီးသည်နှင့် ဖျာပေါ် ခဏဆိုပြီး တုံးလုံးပက်လက် လှဲလိုက်လျှင် မိုးအလင်း အိပ်ပျော်သွားမှာကတော့ သေချာသည်။

အဲဒီ အခါ မိန်းမ၏ နေ့စဉ်ဓာတ်ပြားဟောင်းကြီးကို ကြားရဦးမည်။

"ရှင်မလဲ ရောက်တာနဲ့ စားသောက်ပြီး သေတော့တာပဲ"

၁၉၉၂ ခုနှစ်၊ နိုဝင်ဘာလထုတ်၊ ချယ်ရီမဂ္ဂဇင်း။

လွင့်ပြယ် ပျံ့လွင့်နေသော ကျွန်မ၏ စိတ်များ


လွင့်ပြယ်ပျံ့လွင့်နေသော
ကျွန်မရဲ့စိတ်များ

"ဒေါင်"

ပထမအချက်ပေးသံ ဖြစ်သည်။ အဆောင်တွင်းမှာ လှုပ်လှုပ်ရွရွ ဖြစ်ကုန်သည်။ အမျိုးသမီး ယောဂီဆောင်ဖြစ်သည်နှင့်အညီ စည်းကမ်းသတ်မှတ်ထားသော်လည်းပဲ သူ့ကုတင်၊ ကိုယ့်ကုတင် နှစ်ယောက်စ သုံးယောက်စ စကားပြောနေရာမှ အုပ်စုခွဲလိုက်ကြသည်။ တုံးလုံးလှဲနေသူ အချို့ကလည်း နေရာမှထ၍ ဆံပင်ဖြီးသူဖြီး အကျႌဆွဲဆန့်ပြီး ထဘီပြင်ဝတ်သူ ဝတ်နှင့် အနည်းငယ်မျှ ရှုပ်ယှက်ခတ်သွားသည်။ ကိစ္စအားလုံး ပြီးစီးခြင်း၏ နောက်ဆုံးဖြစ်သော ယောဂီတဘက်ကို ပခုံးပေါ် သေသပ်စွာ ပတ်တင်၍ အများနည်းတူ တရားထိုင်ရန် ဓမ္မာရုံရှိရာသို့ တစ်လှမ်းချင်း ဖြစ်ပျက်ရှု၍ ကျွန်မ လှမ်းလာလိုက်သည်။

"ဒေါင်"

ဒုတိယ အချက်ပေးသံ ဖြစ်ပါသည်။ တစ်နေ့တာ၏ တတိယအကြိမ် တရားစထိုင်ရန် အချိန်ရောက်ပြီ။ စခန်းဝင်ယောဂီအားလုံး သတ်မှတ်နေရာများတွင် ငြိမ်သက်စွာ ထိုင်နေကြပြီ။ ယောဂီအချို့၏ နှပ်ရှုပ်သံ၊ ချောင်းဟန့်သံ၊ တရားထိုင်ရန် ဟန်ပြင်သည့် ရွေ့လျားသံတို့က ငြိမ်သက်နေသည့် အခန်းကြီးထဲတွင် အနည်းငယ်မျှ ကျယ်လောင်သလို ထင်နေရသည်။

"ယောဂီ အပေါင်းတို့"

စပီကာမှ ဆရာတော်၏ အသံ ကြည်လင်ပီသစွာ ထွက်လာသည်။ တရားထိုင်ရန် အချိန်ကျရောက်ပြီမို့ ယောဂီအားလုံး မိမိရဲ့စိတ်အစဉ်ကို ဘယ်မှ မရောက်စေဘဲ ဝင်လေသိ၊ ထွက်လေသိ၊ သမာဓိ တည်ငြိမ်အောင် မှတ်ကြပါ။ စိတ်ကို ငြိမ်အောင်ထားပါ။ လေကို ထုတ်သောစိတ် (ထွက်လေသိ)၊ လေကို သွင်းသောစိတ် (ဝင်လေသိ) မှတ်ပါ။ မိမိ၏ စိတ်တည်ငြိမ်မှု ပြီး၍ သမာဓိရပြီဆိုမှ ခန္ဓာကိုယ်မှာ ပေါ်လာတဲ့စိတ်၊ ပေါ်လာတဲ့ ဝေဒနာကို လှည့်ပြီး ဖြစ်ပျက်

မလွတ်အောင် ရှုပါ။ ပေါ်လာတဲ့ ဝေဒနာမှာ ကျင်ရင် ကျင်တယ်လို့ မှတ်၊ အောင့်ရင် အောင့်တယ်လို့ မှတ်၊ နာရင် နာတယ်လို့ မှတ်ပါ။ နားမှာ ကြားစိတ်ကလေး ပေါ်လာရင် ကြားတယ်၊ ကြားတယ်လို့ မှတ်ပါ။ မကြာခင်အတွင်း အဲဒီ ကြားစိတ်က ပျောက်သွားပြီး တခြားဝေဒနာ ခန္ဓာမှာ ထပ်ပေါ်ပါလိမ့်မယ်။ ဆက်ပြီး မှတ်ပါ။ မိမိရဲ့စိတ်ကို မိမိရဲ့ ခန္ဓာကိုယ်ထဲမှာသာ စိုက်ပြီး ရှုမှတ်နိုင်ပါစေ။ ဘယ်မှ မလွင့်ပါစေနှင့် ဘယ်မှမရောက်ပါစေနဲ့။ မိမိရဲ့ စိတ်အာရုံဟာ မိမိရဲ့ခန္ဓာကိုယ်ထဲမှာသာ ရှိပါစေ။ ရှုကြပါ။ မှတ်ကြ။

စပီကာမှ အသံတိတ်သွားသည်။ ဓမ္မာရုံတစ်ခုလုံး ငြိမ်သက်တိတ်ဆိတ်သွားသည်။ မိမိရဲ့ စိတ်အစဉ် ဘယ်မှ မရောက်ပါစေနဲ့၊ ဘယ်မှ မလွင့်ပါစေနဲ့တဲ့။ ဟုတ်တယ်။ ဒီတစ်ခါ ငါ စိတ်ကို ဘယ်မှမလွင့်စေဘဲ တရားကို ရအောင် ထိုင်ရမယ်။ ဒီနေ့ဆို သုံးရက်မြောက်ပြီ၊ တစ်ရက်မျှ တစ်ချိန်မျှ ကောင်းကောင်း မထိုင်နိုင်ပေ။ မိမိ၏ စိတ်သည် တစ်ခဏတာမျှ မိနစ်အနည်းငယ်မျှသာ ခန္ဓာကိုယ်ပေါ်မှာ ရှိနေခဲ့သည်။

တရားထိုင်ချိန် တစ်နာရီလုံးလုံးလိုက မိမိ၏ စိတ်သည် အပြင်ဘက် ဝေးလွင့်ရာ နေရာအနှံ့မှာ ဂဲပျံနေသည်။ လူးလွန့်နေသည်။ အဲဒီ လို မိမိ၏ စိတ်လွတ်နေတာကိုလည်း သိသည်။ လွတ်နေသည့် စိတ်ကို သိသိချင်း ထိန်းချုပ်သည်။ ပြန်ဖမ်းသည်။ ခန္ဓကိုယ်ထဲသို့ တအားစိုက်ထားသည်။ ဝင်လေသိ၊ ထွက်လေသိ မှတ်သည်။ နှစ်မိနစ် သုံးမိနစ်သာ ခံသည်။ ဝေးလွင့်သွားပြန်သည်။

ထိန်းမရသည့် စိတ်၊ ချုပ်ထိန်းရ ခက်သည့် စိတ်ကြောင့် ဒေါသက ထွက်ချင်ချင် ဖြစ်လာသည်။ ပထမဆုံးအကြိမ် တရားစခန်း ဝင်ခြင်းမို့ ဒီလိုပဲ ဖြစ်တတ်သည်။ ဖြစ်ပျက်ကို မရှုတတ်သေးဟု အချို့ယောဂီတို့က ပြောကြသည်။

ထားတော့… ထားတော့။ ဒါက ဟိုရက်တွေက စိတ်။ အခုတစ်ချိန် ထိုင်သည့် စိတ်ကို ကျွန်မ မလွတ်အောင် ဖမ်းချုပ်ပြီး ခန္ဓာကိုယ်ထဲမှာသာ ရှိနေစေရမည်။ ဖြစ်ပျက်ကို လွတ်မသွားအောင် ရှုရမည်။

လေကို ထုတ်သောစိတ်နဲ့ လေကိုသွင်းသောစိတ် သည်စိတ်နှစ်ခုကို အရင်းခံထားပြီး ရှုမှတ်ရမည်တဲ့။

"ဝင်လေသိ၊ ထွက်လေသိ...

ဝင်လေသိ၊ ထွက်လေသိ..."

မိမိ၏ စိတ်သည် မည်မျှပုံ့လွင့်နေသည်။ မည်မျှ ထိန်းချုပ်မရ ခက်နေသည်။ မည်မျှ ဖမ်းမရသည်ကို တရားထိုင်သည့် အခါမှသာ သေသေချာချာ သိရှိရလေတော့သည်။ သတိထားမိလေတော့သည်။ ကျန်အချိန်များမှာတော့ မည်မျှပင် ဝေးလွင့်နေပါစေ ထိန်းချုပ်ရမှန်းလည်း မသိ၊ သတိလည်း မထား၊ သိလည်း မသိ ဖြစ်ခဲ့ပါသည်။ သွားချင်ရာသွား၍ လာချင်ရာ လာကာ လူးလားခေါက်ပြန်လျက်ရှိပြီး လွတ်၍ နေပါသည်။ ကျွန်မသည် ဝင်လေကိုလည်း သိနေသည်။ ထွက်လေကိုလည်း သိသည်။ ဟုတ်ပြီ၊ ဟုတ်ပြီ။ နားထဲမှာ လမ်းကြိတ်စက်သံ တဝုန်းဝုန်းနှင့် လာကြားသည်။ ကြားစိတ်ကလေး ပေါ်လာခြင်း ဖြစ်သည်။ ကြားတယ်၊ ကြားတယ် (တရားထိုင် ဓမ္မာရုံနှင့် မနီးမဝေးရှိ လမ်းကြီးကို ပြုပြင်နေရာ လမ်းကြိတ်စက်သံများကို ကျယ်လောင်စွာ ကြားနေရပါသည်။)

ဟော... ကြားရပြန်ပြီ။ ထုသံ။ ရိုက်သံတွေ ဆူညံနေသည်။ ဟိုနေရာက ဝုန်း၊ သည်နေရာက ဒိုင်းနှင့် စောစောက လမ်းကြိတ်စက်သံ ပျောက်သွားသည်။ ထုသံ၊ ရိုက်သံ၊ မ,သံ၊ ရွှေ့သံ၊ ချသံ တွေကို နားထဲမှာ ကြားလာရပြန်သည်။ (တရားထိုင်ဓမ္မာရုံနှင့် ပေသုံးဆယ် အကွာမှ ကျောင်းဆောင်တစ်ခုကို ဖျက်ပြီး အသစ်ပြန်ဆောက်နေ၍ အလုပ်သမားများ လှုပ်ရှားလုပ်ကိုင် နေကြခြင်းကြောင့် ဖြစ်သည်။

ကြားတယ်၊ ကြားတယ်၊ ကြားတယ်။

"အို.. တာဇံ၊ အို... တာဇံ"

ဟော ကျွန်မ သိပ်ကြိုက်တဲ့ ကော်နီရဲ့ တာဇံသီချင်း၊ ကျွန်မ၏ စိတ်သည်

သီချင်းနှင့်အတူ လွင့်မျောသွားပါပြီ။ ခန္ဓာကိုယ်သည်လည်း စိတ်နှင့်အတူ ယိမ်းနွဲ့နေသည် ထင်သည်။ မနီးမဝေး လက်ဖက်ရည်ဆိုင်မှ လာသည့် ကက်ဆက်သံ ဖြစ်သည်။ ကက်ဆက်သံ သိပ်မကျယ်သော်လည်း ကျွန်မ နားထဲမှာတော့ ပီပီသသ ကြားနေရသည်။ ကျွန်မ၏ စိတ်သည် သီချင်းကို အစအဆုံး လိုက်ဆိုနေပြီ။ အို… တာဇံ၊ အို… တာဇံ၊ ဟဲ့ အို ငါတရားထိုင်နေတာ၊ ရပ်လိုက်တော့၊ ရပ် သီချင်းဆိုနေတာ ရပ်လိုက်တော့ စိတ်ကို မလွင့်ပါစေနဲ့ဆို ပြန်ထိန်း၊ ပြန်ထိန်းစမ်း။

ဝင်လေသိ၊ ထွက်လေသိ။

ဝင်လေသိ၊ ထွက်လေသိ။

ဟော၊ အရေးထဲမှာ ခြေသလုံးပေါ် ပုရွက်ဆိတ် တက်နေပြီ ထင်တယ်။ တရွရွနဲ့ ဒုက္ခပဲ တက်လာပြီ၊ တက်လာပြီ ထင်တယ်။ တံကောက်ကွေးနား ရောက်နေပြီ။ ဘုရားရေ၊ ပေါင်အထိ ရောက်လာပြီး ဟိုကိုက် သည်ကိုက် ကိုက်ကုန်ရင် ဒုက္ခ။ မဖြစ်ချေဘူး။ ခြေထောက်ကို တစ်ဖက်လှည့်ပြောင်းထိုင်ပြီး မသိမသာ ခါထုတ်ဦးမှ၊ ဖိခြေလိုက်ရင်လည်း မဖြစ်ဘူး။ အဲ… ဟုတ်ပြီ ခုမှ နေသာသွားတယ်။ ခါထုတ်လိုက်တဲ့ ပုရွက်ဆိတ်တော့ လွင့်ပါသွားသလား သေပဲသွားသလား ထဘီထဲ ရှိနေဦးမှာကတော့ သေချာတယ်။

ကျွန်မရှေ့တည့်တည့် အုတ်တိုင်ပေါ် ချိတ်ထားသည့် တိုင်ကပ်နာရီကြီးကို မသိမသာ မျက်လုံးလေး မှေးပီး အသာလှမ်းကြည့်လိုက်သေးသည်။ တရားထိုင်တာ နာရီဝက်တောင် မပြည့်သေး။ ကျွန်မ စိတ်တွေက ထိန်းချုပ်မရဘဲ ယောက်ယက်ခတ်နေသည်။ ကျွန်မစိတ် အိမ်ရောက်သွားပြန်ပြီ။ သားကို ကျောင်းသွားဖို့ ရေချိုးပေးသည်။ အကျႌအဝတ်အစား လဲပေးသည်။ သားက ပြုံးပြသည်။ ရယ်ပြသည်။ ကျွန်မလည်း ထိုင်လျက်နဲ့ ပြုံးနေသည်။ ရယ်နေသည် ထင်သည်။ ဟော… မောင်ရောက်လာပြန်ပြီ။ ငှက်ပျော်သီး တစ်ဖီးဆွဲလို့၊ ကိတ်မုန့်တွေရော၊ ပေါင်မုန့်တွေရော မနိုင်မနင်းနဲ့ကွယ်။ တရားစခန်းဝင်နေတဲ့ မိန်းမစားဖို့

လာပို့တာတဲ့လေ။ မောင်ကလည်းကွယ် ဒီစခန်းဝင်နေတဲ့ ဆယ်ရက်ကို လုံးဂမလာပါနဲ့ဆိုတာ။ ကျွန်မ အကုန်လုံးကို သံယောဇဉ် ဖြတ်ထားတာ၊ ဘယ်သူ့ကိုမှ မတွေ့ချင်ဘူး (ဟုတ်လို့ပဲနော်)

မနေ့ညနေ တရားနာချိန်မှာ မောင် ရောက်လာသည်။ မောင့်ပုံစံကို ကျွန်မ တရားထိုင်ရင်း မြင်လာသည်။ မောင်နဲ့ ကျွန်မ စကားတွေ အကြာကြီး ပြောနေသေးသည်။ သားအတွက် မှာစရာရှိတာ မှာသည်။ အာရုံမများအောင်၊ မမြင်အောင်၊ မတွေ့အောင် မျက်စိစုံမှိတ် စိတ်ကိုထိန်းချုပ်ပြီး ထိုင်နေတာတောင် ကျွန်မ၏ မျက်စိသည် ရုပ်ရှင်ဇာတ်ကားတစ်ကားကို ထိုင်ကြည့်နေရသလို အစမှအဆုံး၊ အဆုံးမှအစ မြင်နေရသည်။ ဟိုအရင် အတွေးထဲမှာ တစ်ခါမျှ အမှတ်မရ၊ သတိမထားမိခဲ့တဲ့ ဟိုးငယ်ငယ်တုန်းက သူငယ်ချင်းတွေ လာပြန်ပါပြီ။ တစ်ယောက်ပြီး တစ်ယောက် ပြုံးလို့ ရွှင်လို့၊ သူငယ်ချင်းတွေနဲ့အတူ ကျွန်မ ဖန်ခုန်တမ်း ကစားသည်၊ ကြက်ဖခွပ်ကြသည်၊ ထုတ်စည်း ထိုးကြသည်။ ကစားရင်း ရန်ဖြစ်ကြသည်။ နားထဲမှာ ငိုသံ၊ ဆူသံ ညံလာသည်။ ခုဆို သူတို့လည်း အိမ်ထောင်တွေ ဘာတွေ ကျပြီး သားတွေ သမီးတွေနဲ့ နေမှာပေါ့။ ဘယ်တွေများ ရောက်နေကြပါလိမ့်။ ဘာအလုပ်အကိုင်တွေများ လုပ်နေကြပါလိမ့်။ ကျွန်မ သိချင်လိုက်တာ။

"ဟယ်... ဟိုမှာ ချိုချိုသိန်းပါလား"

ဟောတော်... နီလာ။

ဟင်... ဒီမှာ အေးအေး။

ဘယ်လိုဖြစ်တာလဲ၊ ငါ့မျက်စိထဲမှာ တစ်ယောက်ပြီး တစ်ယောက် မြင်နေရပါလား။ ဒါဖြင့် စိတ်ပေါ်လာတာပဲ။ မြင်ရင် မြင်တယ်လို့ မှတ်ရမယ်တဲ့။ မြင်တယ်၊ မြင်တယ်၊ မြင်တယ်။ ကျွန်မ စိတ်ထဲမှာ အတွေးပေါင်းစုံ၊ သဏ္ဍာန်ပေါင်းစုံ တွေးထင်နေတယ်။ မြင်နေရတယ်။ တစ်နေရာပြီး တစ်နေရာကို

လျှောက်သွားနေတယ်။ မြင်နေတယ်၊ ကြားနေတယ်။ သိစိတ်က လိုက်ပြီး ဖမ်းချုပ်နေတယ်။ မိတဲ့အခါ မိတယ်။ လွတ်တဲ့အခါ လွတ်နေတယ်။ ကျွန်မ သိနေတယ်၊ လွတ်နေတာ အများဆုံးပဲ။ တွေးတဲ့နောက်ကို လျှောက်လိုက်နေတယ်။ "ဟော... မိပြီ" ကျွန်မရဲ့ သိစိတ် ကျွန်မရဲ့ ခန္ဓာကိုယ်ထဲ ပြန်ရောက်လာပြီ။ ကျွန်မ ညာဘက်ခြေထောက် ကျင်သလို၊ ထုံသလို ဖြစ်နေတယ်။ ကျင်ပါစေ၊ ထုံပါစေ၊ ခံရတဲ့ဝေဒနာကို ခံရသလို မှတ်တဲ့။

ကျင်တယ်၊ ကျင်တယ်၊ ထုံတယ်၊ ထုံတယ်။ မရဘူး၊ တအားကြီး ကျင်ထုံလာတယ်။ တစ်ဘက်လှည့် ပြောင်းထိုင်မှ ဖြစ်တော့မယ်။ အို... မပြောင်းဘူး၊ ဝေဒနာဆုံးသွားအောင် မှတ်မယ်။ ဖြစ်ပြီး ပျက်မှာပဲဟာ။ ကျင်တယ် ကျင်တယ်... မရဘူး၊ မရဘူး။ ကျွန်မ မှတ်လို့ မရဘူး။ ပြောင်းမှ ပြောင်းမှ။ ကျွန်မ နေသာအောင် ဘက်ပြောင်းထိုင်လိုက်သည်။ အဲဒီ အချိန်အတွင်း ကျွန်မရဲ့ ရှေ့တည့်တည့် တစ်ထွာသာသာလောက် မကွာတဲ့ အကွာအဝေးမှာ ထိုင်နေတဲ့ အဘွားကြီးက (ကန်တော့ပါရဲ့) လေလည်လိုက်တယ်။ တော်တော်လေး အသံကျယ်တယ်။ အသံဆုံးပြီး ခဏ၊ အနံ့က ထောင်းခနဲဆို ကျွန်မနှာခေါင်းထဲ စူးဝင်လာတယ်။ ကျွန်မစိတ်ထဲ တင်းခနဲ ဖြစ်သွားတယ်။ ရိုင်းလိုက်တာပေါ့။ မျက်စိကိုသာ အသာလေး မှေးပြီး ဖွင့်ကြည့်လိုက်မိတယ်။ အနံ့ကလည်း မပြယ်နိုင်ဘူး။

"အို...ဒါ နံ့စိတ်ပေါ်လာတာပဲ၊ နံ့ရင် နံ့တယ်လို့ မှတ်ရမယ်တဲ့။ နံ့တယ် နံ့တယ်၊ ကျွန်မလေ ဝင်လေ ထွက်လေကို ဘေးချိတ်လို့ နံ့တယ်၊ နံ့တယ်လို့ စိတ်က မှတ်နေပေမယ့် အသက်ကိုတော့ မရှူဘဲ အောင့်ထားလိုက်မိတယ်။ အဘွားကြီးကတော့ သူ မသိတဲ့ ပုံစံမျိုး။ ဆက်ပြီး တရားထိုင်နေတာ မလှုပ်မယှက်ဘဲ။ သူ့လည်ကုတ်မှာ ပုရွက်ဆိတ် ကိုက်နေတာတောင် မသိဘူး။ သူ့ကြည့်ပြီး ကျွန်မရဲ့ လည်ကုတ်မှာ ယားကျိကျိ ဖြစ်လာတယ်။ ယားတယ်၊ ယားတယ်။ မကုပ်ဘူး၊ မကုပ်ဘူး။ ကျွန်မလေ နာရီကိုလည်း မသိမသာ လှမ်းကြည့်မိလိုက်သေးသည်။ ဟောတော့ တရားထိုင်တာ အချိန်တောင်

ပြည့်တော့မှာပါလား။ မိနစ် ၂၀ ပဲ လိုတော့တယ်။ ဒီမိနစ် ၂၀ အတွင်း ငါရအောင် ထိုင်မယ်။ ခန္ဓာမှာ ဉာဏ်ကို စိုက်ပြီး စိတ်ကို ထိန်းမှ။

ဝင်လေသိ၊ ထွက်လေသိ။ လေကို ထုတ်သောစိတ်၊ လေကို သွင်းသောစိတ် (ဒီအိမ်သည် စိတ် ၂ ခု) ကို အရင်းခံထားပြီး ဘယ်စိတ်ပဲ ပေါ်လာ ပေါ်လာ၊ ပေါ်တိုင်း ပေါ်တိုင်း ဖြစ်ပျက်မလွတ်အောင် ရှုရမယ်တဲ့။ ဟုတ်တာပေါ့။ ငါစောစောက မြင်တာတွေ၊ ကြားတာတွေ၊ နံတာတွေ၊ သိတာတွေ၊ အကုန်လုံး ပျက်ကုန်ပြီပဲ။ ဖြစ်ပြီးခဏ ပျက်တာပါပဲ။ စိတ်နဲ့ဝေဒနာသည် မကွေမကွာ ဖြစ်အတူ ပျက်အတူ သဟဇာတ ဖြစ်သည်တဲ့။ ကျွန်မ၏ စိတ် ဘယ်ကိုမှ မလွင့်စေရန် `ဝေဒနာနုပဿနာ ရှုပွားပုံ၊ ရှုပွားနည်းမှ အပြင်ဧည့်သည် (၆) ဦးကို စိတ်ထဲမှာ ရွတ်နေမိသည်။ (၁) ဥပေက္ခာဝေဒနာသည်၊ မျက်လုံးမှာ ပေါ်သည်။ (၂) ဥပေက္ခာဝေဒနာသည် နားမှာ ပေါ်သည်။ (၃) ဥပေက္ခာဝေဒနာသည် နှာခေါင်းမှာ ပေါ်သည်။ (၄) ဥပေက္ခာဝေဒနာသည် လျှာမှာပေါ်သည်။ (၅) သုခ ဝေဒနာ၊ ကိုယ်မှာ ပေါ်သည်။ (၆) ဒုက္ခဝေဒနာ ကိုယ်မှာပေါ်သည်။ ကျွန်မအတွက် ဧည့်သည် (၃)ဦးကို ဆက်ဆိုနေသည်။

(၁) သောမနဿ ဝေဒနာ၊ စိတ်မှာပေါ်သည်။ (၂) ဒေါမနဿ ဝေဒနာ စိတ်မှာပေါ်သည်။ (၃) ဥပေက္ခာ ဝေဒနာ၊ စိတ်မှာပေးသည်။ တစ်ခါ ဧည့်သည် (၃)ဦးကိုလည်း ဆက်ဆိုနေလိုက်သည်။ (၁) သားရေး၊ သမီးရေး၊ စီးပွားရေးမှစ၍ အရပ်ရပ် အဆင်ပြေနေသောအခါ ပျော်ရွှင်စွာ (ဝင်လေ ထွက်လေ) ကို သောမနဿ ဝေဒနာနှင့် ရှုရှိုက်နေသည်။ (၂) သားရေး၊ သမီးရေး စီးပွားမှစ၍ အရပ်ရပ် အဆင်မပြေသည့်အခါ၌ (ဝင်လေ ထွက်လေ) ကို ဒေါမနဿ ဝေဒနာနှင့် ရှုရှိုက်နေသည်။ (၃) (ဝင်လေ ထွက်လေ) ကို သောမနဿလည်း မဟုတ်၊ ဒေါမနဿလည်း မဟုတ် ဥပေက္ခာဝေဒနာနှင့် အမှတ်မထင် ရှုရှိုက်နေသည်။ သိစိတ်ကနေ စိတ်ကို အဝေးသို့ လွင့်ထွက်မသွားစေရန် တစ်ဆင့်ပြီး တစ်ဆင့် ဆိုနေသော်လည်း မသိစိတ်က အိမ်ပြန်ပြီး အိမ်ဆိုင်ထိုင် ချိန်ခွင်ချိန်ပြီး

ဈေးရောင်းနေသည်။ အိမ်မှာ ကျန်ရစ်ခဲ့တဲ့ ညီမတွေကို စိတ်မချ ဖြစ်သွားသည်။ ချိန်ခွင်ချိန်တာ လိုသွားမလား၊ ပိုသွားမလား။ ဆီကို မှုတ်နဲ့ ချိန်ထည့်တာရော ဟိုစဉ်ဒီလွင့် ဖြစ်ကုန်ပြီ။ လေကုန်ရင် ဒုက္ခ။ အမြတ်မရဘဲ အရင်းပါ ပြုတ်တော့မလားဘဲ။

ဩော်... ခုမှ သတိရတယ်။ စခန်းမဝင်ခင်ရက်က ရောင်းရတဲ့ ပိုက်ဆံ မရေမတွက်ဘဲနဲ့ အလိပ်လိုက် မွေ့ရာအောက်ထဲကို ထည့်ထားတာ ယောကျ်ား သိပ့်မလား မသိဘူး။ ဝေဒနာ နုပဿနာ ဆိုသည်မှာ ပေါ်သည့်နေရာမှစ၍ ရှုမှတ်ရမည် ဖြစ်သည်။ နာကျင်ကိုက်ခဲလာအောင် စောင့်နေပြီးမှ လိုက်ရှုနေရန် မဟုတ်။ ဝေဒနာသည် ဒွါရ (၆) ပေါက်၌ အမြဲဖြစ်ပေါ်နေသည်။ မပေါ်သည့်အခါ မရှိ။ (နာမှ ကျင်မှ ဝေဒနာဆိုသည် မဟုတ်ပါ) ဖဿပေါ်တိုင်း ဝေဒနာပေါ်သည်။ ဝေဒနာသည် တစ်ချိန်လုံး ဆက်တိုက် နာကျင်ကိုက်ခဲနေသည်ဟူ၍ ယူဆကြသည်။ မနက်က အရဏ်ဆွမ်း မုန့်ဟင်းခါး ကျွေးတာ ကောင်းလိုက်တာ။ ပဲကြော်ကလေးတွေကလည်း ကြွပ်ရွလို့၊ နံနံပင်ကလည်း ပေါပေါနဲ့ သိပ်စားကောင်းတာပဲ။ မနက်ဖြန်မနက် အရဏ်ဆွမ်းကိုလည်း ဒီလိုပဲ ကျွေးရင် ကောင်းမှာပဲ။ ဝေဒနာသည် ပေါ်လည်း ပေါ်သည်။ ပျက်လည်း ပျက်သည်။ ဝေဒနာခွာ၍ အပျက်မြင်အောင် ကြည့်၊ ဝေဒနာနှင့် ငါ မရောစေနှင့်။ ဝေဒနာ မတွေ့ဘဲ အနိစ္စတွေ့မှ လမ်းမှန်ကျမည်။

နေ့ဆွမ်း ကျတော့ရော မော်လမြိုင် အပြောနဲ့ ပြောရရင် ကောင်းမှ ကောင်းပဲ။ သီးစုံကုလားဟင်းနဲ့ ငါပိကြော် တို့စရာအစုံနဲ့ ကြက်သားဟင်းကလည်း ဆီကိုပြန်လို့။ ဟယ်... ဒီမိန်းမကြီးကလည်း တရားဝင်နေတာပဲ အိမ်လို စားတယ်၊ ကြည့်စမ်းပါဦး၊ ကြက်သားပန်းကန်ကို အားရပါးရ မွှေပြီး အသားတုံး ရှာခပ်နေတာ ကျန်တဲ့လူတော့ အရိုးပဲ စားရတော့မယ် ထင်ပါရဲ့။ ဆွမ်းစားပြီးကျွေးတဲ့ သဘော်သီးစိတ်ကလေးတွေကလည်း ချိုမှချိုပဲ။ ကြည့်စမ်း ကြည့်စမ်း ဒီမိန်းမကြီး သဘော်သီးသုံးလေးစိတ်ကို မနားတမ်း ယူစားတာ ပါးစပ်ထဲ ပလုတ်ပလောင်းနဲ့ ကြည့်မကောင်း၊ ရှုမကောင်း။ ဆရာတော်က စားတာတောင် ဖြစ်ပျက်ရှုပြီး မှတ်ပြီး

စားရမယ်လို့ ပြောထားရဲ့သားနဲ့။ စိတ်နှင့် ဝေဒနာသည် သဟဇာတ တရားဖြစ်၍ အတူတကွ ပေါ်၍ အတူတကွ ချုပ်သည်။ နာမှ ကျင်မှသာ ဝေဒနာဟု မယူဆအပ် ခံသာသည့် ဝေဒနာ ရှိသေးသည်။ မခံသာသည်လည်း မဟုတ်၊ ခံသာသည်လည်း မဟုတ်သော ဝေဒနာလည်း ရှိသေးသည်ဟု သတိပြုကြရာသည်။

စာရေးစားပွဲပေါ်မှာ ရေးလက်စ ဝတ္ထုစာမူတွေ သားများ တွေ့လို့ စာရွက်တွေ စုတ်ဖြဲပြီး လှေတွေ၊ သင်္ဘောတွေ၊ လေယာဉ်ပျံတွေ လုပ်ပစ်ရင် ဒုက္ခပဲ။ မောင်တွေ့လို့ သေချာသိမ်းထားရင် ကောင်းသား။ မဂ္ဂဇင်းတိုက်တွေမှာ ပို့ထား ပေးထားတဲ့ ဝတ္ထုလေးတွေ ဘယ်လလောက်တွေမှာ ပါမလဲ မသိဘူး။ မဟေသီကတော့ ဒီလပါတာ သတင်းစာထဲမှာ ကြော်ငြာတွေ့လိုက်လို့ ကျွန်မ ဝမ်းသာလိုက်တာ။ ပေဖူးလွှာ၊ စစ်ပြန်၊ စပယ်ဦး၊ မြတ်လေး၊ သပြေ၊ ပန်းဝေသီ၊ စန္ဒာ၊ တိုင်းရင်းမေ။ အဲဒီ မဂ္ဂဇင်းတိုက်တွေ ကျွန်မ ရောက်သွားတယ်။ အယ်ဒီတာတွေနဲ့လည်း ထိုင်စကားပြောလိုက် သေးတယ်။ ရေးလက်စ ဝတ္ထုလေး တစ်ပုဒ်ရဲ့ ဝတ္ထုအမည်က ဘာပါလိမ့်။ ဩော်... သိပြီ မှတ်မိပြီ ဘာတဲ့။ "ကျွန်မယောက်ျား၊ ကိုကိုသင်္ဘောသား" တဲ့ ဟုတ်တယ်။ အဲဒီ နာမည်လေးပဲ ကောင်းတယ်။ မဟေသီ ပို့ရမလား၊ ပေဖူးလွှာ ပို့ရမလား။ ဘယ်ပို့ရင် ကောင်းမလဲ မသိဘူး။

"ဒေါင်"

ဟော၊ တရားထိုင်ချိန်တောင် စေ့သွားပြီ။ ကျွန်မ နေရာမှာ အညောင်းဆန့်ရင်း အသာထလိုက်သည်။ အကျႌဆွဲဆန့် ထဘီဆွဲဆန့် လျှောကျနေတဲ့ ယောဂီတဘက်ကို အသားကျအောင် ပခုံးပေါ် ပြန်တင်လိုက်သည်။ မျက်လွှာကို အသာချလို့ ခေါင်းကို ငုံ့ထားသည်။ တရားရည်ဂနေသည့် ဝါရင့် ယောဂီတစ်ယောက်အလား အိပ်ဆောင်ရှိရာသို့ တစ်လှမ်းချင်း ဖြစ်ပျက်ရှုပြီး လှမ်းလာလိုက်သည်။

လှမ်းတယ်၊ ချတယ်။

ဖြစ်ပြီး၊ ပျက်သွားပြီ။

ဖြစ်ပျက်၊ ဖြစ်ပျက်၊ ဖြစ်ပျက်။

၁၉၉၀ ပြည့်နှစ်၊ ဇန်နဝါရီလ၊ စန္ဒမဂ္ဂဇင်း